ဖြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၁၂)

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အထူးစီမံကိန်း များအကောင်အထည်ဖော် ရေးအဖွဲ့၏ (၁/၂၀၀၉) ညှိနှိုင်းအစည်းအဝေးတွင် မှာကြားလမ်းညွှန်စဉ်။
(သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ

နိုင်ငံတော်၌ စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်၍ စက်မှု နိုင်ငံအဖြစ် ကူးပြောင်း ထူထောင်နိုင်မှသာ ခေတ်မီဖွံ့ဖြိုး တိုးတက်သောနိုင်ငံ ဖြစ်လာမည်။

နိုင်ငံတော်၏တာဝန်များကို တာဝန်ယူထမ်းဆောင်နေရသည့် အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်ကြီး အစဉ်ဖွံ့ဖြိုးတိုးတက်စေရမည်ဟူသည့် ဥပဒေသကို အမြဲလိုက်နာ ဖော်ဆောင်ရန်တာဝန်ရှိ

မည်သို့သော အခက်အခဲနှင့် အကျပ်အတည်းများ ကြုံတွေ့စေကာမူ ယင်းဥပဒေသကို အမြဲစွဲကိုင်ပြီး နိုင်ငံတော်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်း

မိမိတို့အနေဖြင့် ယင်းကဲ့သို့ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ ထိုက်သင့်သောတိုးတက်မှုနှင့် အကျိုးစီးပွား ဖြစ်ထွန်းခံစားနေရပြီ

နေပြည်တော် မေ ၄

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၀၉) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လိုအပ်သည်များကို မှာကြားလမ်းညွှန်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

5-5 (01).pmd 1 5/5/2009, 2:16 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၅ ရက်)

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီဆက်သွယ်ရေးနည်းပညာများ အသုံးချ

နည်းပညာပြပွဲများမှ နည်းပညာသစ်များ တိုးမြှင့်ဖော်ဆောင်

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ(၂၀၀၉)ကို မေလ ၁ရက်မှ ၃ရက်နေ့အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် အိုင်တီနည်းပညာများ ကျယ်ပြန့်စွာအသုံးပြုနိုင်မှုအပေါ်၌ မူတည်နေသည်။ ယနေ့ခေတ် နည်းပညာတိုးတက်မြင့်မားသော နိုင်ငံများသည် နည်းပညာတိုးတက်မှုနည်းပါးသော နိုင်ငံများ၏ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်ရန် ကြိုးစားလျက်ရှိသည်။

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏ ကိုယ်ပိုင်အင်အားနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ တတ်ကျွမ်းပြီး ၎င်းတို့ထွင်အသုံးချနိုင်စွမ်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုင်ဆိုင်နိုင်မှုသည် အဓိကကျသည်။

မြန်မာနိုင်ငံအနေဖြင့် အချိန်နှင့်အမျှ အသစ်ဖြစ်ပေါ်နေသော အိုင်တီနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများကို မပြတ်လေ့လာနိုင်မှ သိရှိနိုင်မည်ဖြစ်ရာ ယခုကဲ့သို့ အိုင်တီဆိုင်ရာပြပွဲများ ကျင်းပပေးခြင်းဖြင့် လေ့လာသိရှိနိုင်ရန် အခွင့်အရေးတစ်ရပ်ရရှိခြင်းပင် ဖြစ်သည်။

ပြခန်းတွင် ပြသထားရှိမှုများသည် အသွင်သစ်၊ အမြင်သစ်၊ ဒီဇိုင်းပုံစံအသစ်များဖြင့် တည်ဆောက်ခင်းကျင်းပြသထားသည့်အပြင် အိုင်တီထုတ်ကုန်ပစ္စည်းများသည် နောက်ဆုံးထုတ်ကုန်များကို ပြသထားရှိသဖြင့် ပြည်သူများလေ့လာရန် အခွင့်အရေးတစ်ရပ်ရရှိမည်ဖြစ်ပြီး နည်းပညာအသစ်များကို သိရှိလေ့လာခွင့်ရကြမည် ဖြစ်သည်။

နည်းပညာပြပွဲများ ခင်းကျင်းပြသခြင်းသည် ယနေ့လူငယ်များ နည်းပညာများကို ပိုမိုစိတ်ဝင်စားလာပြီး သတင်းအချက်အလက်များမှ နည်းပညာများ တိုးတက်ရရှိနိုင်ရာ နည်းပညာပိုင်းဆိုင်ရာ အခြေခံတတ်ကျွမ်းမှုများ ရရှိလာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲများသည် ကမ္ဘာ့အဆင့်မီ နည်းပညာရပ်များကို မည်သူမဆိုလေ့လာသိရှိနိုင်ခွင့် ရရှိပြီး ခေတ်မီဆက်သွယ်ရေးနည်းပညာများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် ပြပွဲများဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

(၆-၅-၂၀၀၉)

၀၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၀၇:၁၅ တရားတော် (မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
၀၇:၃၅ နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန် + သတင်း
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၉:၀၀ အစီအစဉ်ပြီး၏။

၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ ဆိုကြပျော်ရွှင် တေးသံစဉ် တေးပဒေသာ
၁၂:၀၀ စံတော်ချိန် နိုင်ငံတကာအနုပညာ(၄၇) နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ချမ်းမြေ့ရိပ်ငြိမ်)
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။

၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (အဖေ့မေတ္တာ)
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ကော်ရည်ခေါက်ဆွဲ)
၁၇:၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၇:၄၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပင်းယခေတ် မြန်မာစကားပြေအရေးအဖွဲ့)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ ညနေခင်းတေးပဒေသာ
၁၈:၂၀ ကျေးလက်ဇာတ်လမ်း (ရေထဲကရွှေ)
၁၈:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ရတနာခင်)
၁၉:၃၀ ဝတ္ထုတိုခံစားမှု
၁၉:၄၀ ညချမ်းချိန်ခါတေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ကာလပေါ်တူရိယာအဖွဲ့ (အလင်္ကာဝတ်ရည် ကာလပေါ်တူရိယာအဖွဲ့) စီးပွားရေးဦးတည်ချက်
၂၀:၅၀ ကျန်းမာရေးရာသိကောင်းစရာ (သက်ကြီးရွယ်အိုများတွင် တွေ့ရသောအစက်အပြောက်များ)
၂၁:၀၀ ခံစားနားဆင်တေးဂန္ထဝင် လူမှုရေးဦးတည်ချက်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၅-၅-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၀ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၅ ၁၄။ ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၃၀)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ မီးသတ်တပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း **ဘာပဲဖြစ်ဖြစ် သတိရပါ**

မြစ်ကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများ

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် ဧပြီ ၂၇ရက်က တိုင်းအတွင်းရေးမှူး၊ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ လိုက်ပါလျက် မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆောက်လုပ်မှု

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် အမှတ်(၃၄) အခြေခံပညာမူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

မြစ်ကူးတံတား

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် သရက်တစ်ပင်ကျေးရွာအုပ်စုအတွက် မြစ်ကူးတံတားတည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး သရက်တစ်ပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးဝမြို့၌ အလှူငွေပေးအပ်ပွဲနှင့် ကျန်းမာရေးဆိုင်ရာဟောပြောပွဲ ကျင်းပ

ကလေးဝ မေ ၄

ကလေးဝမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ AIR SEP နှင့် အလှူငွေပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကို ဧပြီ ၂၃ရက် နံနက်ပိုင်းက ကလေးဝမြို့နယ် ကျန်းမာရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာဝင်းလွင်က ကျန်းမာရေးဆိုင်ရာ အသိပညာများ ပြောကြားသည်။

ဆက်လက်၍ AIR SEP နှင့် ဆေးပဒေသာပင်လှူဒါန်းပွဲကျင်းပရာ Future Engineering Co. & Wa Minn Co., Ltd.မှ AIR SEP တစ်လုံးနှင့် အလှူရှင် ၁၂ ဦးက ဆေးပဒေသာပင်အတွက် အလှူငွေ စုစုပေါင်းကျပ် ၁၂သိန်းလှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက လက်ခံရယူပြီး ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘိုးဘွားရိပ်သာငွေလှူ

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၆ရပ်ကွက် မိုးမခလမ်း အမှတ် ၁၀၇၉ နေ မောင်ကိုကိုကြီးသောင်းအား ရည်စူး၍ ဒေါ်မြဝင်းမိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်က လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ရှင်းလင်း တင်ပြ

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်း တင်ပြ

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်း တင်ပြ

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စိစစ်ရွေးချယ်

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားလမ်းညွှန်ရာ၌ ၂၀၀၉ခုနှစ်အတွက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း၊ ဤအစည်းအဝေးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ရမည့် စီမံကိန်းလုပ်ငန်းများကို နှစ်စပိုင်းမှာပင် စိစစ်ရွေးချယ် ချမှတ်ပေးသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထမ်းဆောင်နေရသည့် အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်ကြီးအစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် ဥပဒေသကို အမြဲလိုက်နာ အကောင်အထည်ဖော်ရန် တာဝန်ရှိကြောင်း၊ မည်သို့သော အခက်အခဲနှင့် အကျပ်အတည်းများ ကြုံတွေ့စေကာမူ ယင်းဥပဒေသကို အမြဲစွဲကိုင်ပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်းနေရမည်ဖြစ်ကြောင်း။

ပြည်သူလူထုအကျိုးစီးပွား

မိမိတို့အနေဖြင့် ယင်းကဲ့သို့ လိုက်နာအကောင်အထည်ဖော်ခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ထိုက်သင့်သောတိုးတက်မှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုများကို ဖော်ဆောင်ခံစားနေရပြီဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍပိုင်း၌ တိုးတက်အောင်မြင်မှုများရရှိအောင် ကြိုးပမ်းလုပ်ကိုင်ခဲ့ရာ ယခုအခါ နိုင်ငံတော်၌ ဝမ်းစာရိက္ခာဖူလုံရုံသာမက ပိုလျှံနေပြီဖြစ်ကြောင်း၊ မိမိတို့ တိုင်းပြည်တာဝန်ကို စတင်ယူချိန်၌ စပါးထွက်ရှိမှုမှာ စုစုပေါင်း စပါးတင်းသန်း ၆၀၀ ကျော်ခန့်သာရှိခဲ့ရာမှ ယခုအခါ စပါးတင်းသန်း ၁၆၀၀ခန့်အထိ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်ပြီဖြစ်ရာ နောင်လူဦးရေသန်း ၁၀၀ တိုးပွားလာသည်အထိ စားနပ်ရိက္ခာအတွက် ပူပင်ကြောင့်ကြရန်မရှိဘဲ လုံလုံလောက်လောက်စားသုံးနိုင်ကြောင်း၊ ဆက်လက်၍လည်း စပါးတင်းသန်း ၂၀၀၀ ထွက်ရှိရန် ရည်မှန်းချက်ထားရှိ၍ ကြိုးပမ်းလုပ်ကိုင်နေကြောင်း၊ ထို့အတူ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုးနှင့် ချည်မျှင်ရှည်ဝါတို့ကိုလည်း သိသိသာသာ တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း။

ပြုပြင်ပြောင်းလဲ

နိုင်ငံတော်၏ အမျိုးသားစီးပွားရေး ဆောင်ရွက်မှုတန်ဖိုး (ဂျီဒီပီ)၌ လယ်ယာကဏ္ဍ၏ ပါဝင်မှုသည် ၄၀ရာခိုင်နှုန်းခန့်ရှိပြီး စက်မှုကဏ္ဍ၏ ပါဝင်မှုရာခိုင်နှုန်းသည် ၂၀ခန့်သာ ရှိသေးသဖြင့် စက်မှုကဏ္ဍ၏ပါဝင်မှုကို ပြုပြင်ပြောင်းလဲတိုးမြှင့်သွားရန် လိုအပ်နေကြောင်း၊ နိုင်ငံတော်၌ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ စက်မှုနိုင်ငံအဖြစ် ကူးပြောင်း ထူထောင်နိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာမှာဖြစ်ကြောင်း။

ပုဂ္ဂလိကပြည်သူများ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့အနေဖြင့် စက်မှုဇုန်ခုဇုန်ကို ထူထောင်၍ အားပေးမြှင့်တင်ခဲ့ကြောင်း၊ ထိုက်သင့်သော တိုးတက်မှုများရရှိသော်လည်း နိုင်ငံတော်၏ စက်မှုကဏ္ဍတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် ထိထိရောက်ရောက် အထောက်အကူ ပြုသည်အထိ မရရှိသေးကြောင်း။

စဉ်းစားအားပေး

ထို့ကြောင့် ပုဂ္ဂလိကစက်မှုကဏ္ဍကို သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာအောင် စဉ်းစား အားပေးသွားကြရန် လိုအပ်ကြောင်း၊ ယင်းသို့ အားပေးဆောင်ရွက်ရာ၌ နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့က အပိုင်းအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စများရှိကြောင်း၊ ပုဂ္ဂလိကပိုင်းက ဆောင်ရွက်နိုင်စွမ်းမရှိသော ကိစ္စများကို နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းကူညီ ပံ့ပိုးသွားမည်ဖြစ်ကြောင်း။

စက်မှုလုပ်ငန်းအားလုံး တိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် အစီအမံရှိရှိ မိမိတို့ ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ စက်မှုအတတ်ပညာ ကျွမ်းကျင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက်လည်း ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်နေကြောင်း၊ ယင်းလိုအပ်ချက်အခြေအနေများကို ဟန်ချက်ညီညီ ပေါင်းစပ်ဖြည့်ဆည်းနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စက်မှုကဏ္ဍသည် အမှန်တကယ် သိသိသာသာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

နိုးနိုးကြားကြားလုပ်ကိုင်

စက်မှုနိုင်ငံဖြစ်ပေါ်လာအောင် ဝန်ကြီးဌာနအားလုံးကလည်း နိုင်ငံတော်၏ ပေါင်းစပ်ညှိနှိုင်း ကွပ်ကဲမှုအောက်မှ နိုးနိုးကြားကြား တက်တက်ကြွကြွ လုပ်ကိုင်ကြရန် အရေးကြီးကြောင်း။

ယနေ့အစည်းအဝေး၌ တင်ပြကြမည့် စီမံကိန်းများသည်လည်း နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် စီမံကိန်းများပင်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁

လိုအပ်ချက်အခြေအနေများကို ဟန်ချက်ညီညီ ပေါင်းစပ်ဖြည့်ဆည်း

- စက်မှုလုပ်ငန်းအားလုံး တိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် အစီအမံရှိရှိ မိမိတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိ။
- စက်မှုအတတ်ပညာ ကျွမ်းကျင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက်လည်း ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်နေ။
- ယင်းလိုအပ်ချက်အခြေအနေများကို ဟန်ချက်ညီညီ ပေါင်းစပ်ဖြည့်ဆည်းနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စက်မှုကဏ္ဍသည် အမှန်တကယ် သိသိသာသာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးစွမ်းရည် အမေရိကန်ဝေဖန်ချက် ကမ္ဘောဒီးယားတုံ့ပြန်

ဖနောင်ပင် မေ ၄

မိမိနိုင်ငံ နယ်နိမိတ်ကို ရာခိုင်နှုန်းပြည့် ထိန်းချုပ်ထားနိုင်သည့် နိုင်ငံဟူ၍ ကမ္ဘာပေါ်၌မရှိဟု ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီးနှင့် ကမ္ဘောဒီးယားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ခယူကန်ဟာရစ်က ပြောကြားလိုက်ကြောင်း ကမ္ဘောဒီးယား သတင်းစာများက မေ ၃ရက်တွင် ဖော်ပြသည်။

ကြေညာ

အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် ကမ္ဘောဒီးယားနိုင်ငံ၏စွမ်းရည်မှာ ရာနှုန်းပြည့်စိတ်မချရကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန အစီရင်ခံစာ၌ ဝေဖန်ဖော်ပြထားမှုကို အထက်ပါအတိုင်း ကမ္ဘောဒီးယားက တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

အထောက်အကူပြု

အဂတိလိုက်စားမှု၊ဆင်းရဲမှု၊ နိုင်ငံနယ်နိမိတ်လုံခြုံရေးစီမံမခန့်ခွဲနိုင်မှုကဲ့သို့သော ကမ္ဘောဒီးယားနိုင်ငံ၏ အားနည်းချက်များကို အခွင့်ကောင်းယူကာ အကြမ်းဖက်သမားများက ကမ္ဘောဒီးယားတွင် အကြမ်းဖက်တိုက်ခိုက်နိုင်ကြောင်း အမေရိကန်အစီရင်ခံစာက ဝေဖန်ထောက်ပြသည်။ ထို့အပြင် အကြမ်းဖက်မှုတန်ပြန်ရေးအတွက် လေ့ကျင့်သင်တန်းပေးမှု မရှိသည့်အပြင် အခြားအထောက်အကူပြုမှုလည်း မရှိကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



စက်ရုပ်ပြပွဲ

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန်းပြည်နယ် ပူတီအန်မြို့၌ စက်ရုပ်ပြပွဲတစ်ရပ်ကျင်းပနေ သည်ကို မေ ၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌ အသေခံဗုံးခွဲမှု ခြောက်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က မေ ၂ရက်တွင် ပြောကြားသည်။

ဆိုးဆိုးရွားရွားပျက်စီး

ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ၂၅ကီလိုမီတာအကွာ မိုဆူးလ်မြို့ စားသောက်ဆိုင်တစ်ဆိုင်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ဖော်ပြသည်။ စားသောက်ဆိုင်မှာ ဆိုးဆိုးရွားရွား ပျက်စီးသွားသည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

A/H_1N_1 တုပ်ကွေးဖြစ်ပွားမှု မက္ကဆီကို၏ ခရီးသွားလုပ်ငန်း ထိခိုက်

မက္ကဆီကိုစီးတီး မေ ၄

မက္ကဆီကိုနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ **A/H_1N_1**တုပ်ကွေးရောဂါ ပျံ့နှံ့ဖြစ်ပွားမှုကြောင့် များစွာထိခိုက်ခဲ့ကြောင်း မက္ကဆီကိုအစိုးရက မေ ၂ရက်တွင် ကြေညာသည်။

ဖျက်သိမ်းခံရ

A/H_1N_1 တုပ်ကွေးရောဂါဖြစ်မှုကြောင့် မက္ကဆီကိုနိုင်ငံ၌ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ပညာရေး လှုပ်ရှားမှုအစီအစဉ်များ ဖျက်သိမ်းခံရသည်။

လေယာဉ်ခရီးစဉ်

မက္ကဆီကိုနိုင်ငံသို့လာရောက်သည့် အမေရိကန်ခရီးသည်ဦးရေ များစွာလျော့နည်းရသည့် တစ်ချိန်တည်းမှာပင် ကျူးဘား၊ ကနေဒါ၊ အာဂျင်တီးနား၊ အီကွေဒေါ၊ ပီရူးနှင့် ချီလီကဲ့သို့သောနိုင်ငံများမှ မက္ကဆီကိုနိုင်ငံသို့လာရောက်မည့် လေယာဉ် ခရီးစဉ်များလည်း ဖျက်သိမ်းခဲ့ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဒုံးပျံတည်ဆောက်ရေးအဖွဲ့ စတိဗ် အီဗက်စ်အဖွဲ့မှ လွှတ်တင်ထားသော စေတန်- ဗွီဒုံးပျံသည် အမေရိကန်နိုင်ငံ မေရီလင်းပြည်နယ် ပရိုက်စ်မြို့သို့ ဆင်းသက်လာသည်ကို မေ၂ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါးစီးတီးအရပ်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိတ်ချ်အိုင်ဗွီ ဝေဒနာရှင်များ ခေတ်ပေါ်တုပ်ကွေး အများဆုံးကူးစက်နိုင်

ဂျီနီဗာ မေ ၄

အိတ်ချ်အိုင်ဗွီပိုးရပ်စ်ပိုး ကူးစက်ခံရသူများအနေဖြင့် ခေတ်ပေါ် **A/H_1N_1** တုပ်ကွေး ကူးစက်ပျံ့နှံ့ရန် အလားအလာများပြားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က မေ၂ရက်တွင် ကြေညာသည်။

ပိုမိုအဖြစ်များ

အေအိုင်ဒီအက်စ်ကဲ့သို့သော ကိုယ်ခံစွမ်းအား ကျဆင်းနေသူများအဖို့ ပုံမှန်ရာသီအလိုက်ဖြစ်ပွားသည့် တုပ်ကွေးကဲ့သို့ပင် ယခုပေါ်ပေါက်လာသည့် **A/H_1N_1** တုပ်ကွေးရောဂါ အများဆုံး ပိုမိုဖြစ်နိုင်သည်။ ရာသီအလိုက်ဖြစ်ပွားသည့် တုပ်ကွေးကြောင့်ပင် ကိုယ်ခံစွမ်းအား ကျဆင်းသူ ၂၅၀၀၀၀မှ ၅၀၀၀၀၀အထိနှစ်စဉ် သေဆုံးရသည်။

ထို့ကြောင့်အိတ်ချ်အိုင်ဗွီနှင့် **A/H_1N_1** ပေါင်းစပ်လျှင် အန္တရာယ်ကြီးထွားသွားနိုင်သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ခရီးသည်တင် မီးရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားပြီးနောက် တိမ်းမှောက်နေသည်ကို မေ ၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်ဝန်းလုံး၌ A/H_1N_1 တုပ်ကွေးဖြစ်ပွားသူ မေ ၃ ရက်အထိ စုစုပေါင်း ၇၇၇ဦးရှိ

ပေကျင်း မေ ၄

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)နှင့် အစိုးရထုတ် သတင်းအချက်အလက်များအရ မေ ၃ ရက်အထိ ကမ္ဘာတစ်ဝန်းလုံးတွင် A/H_1N_1 တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၇၇၇ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

မက္ကဆီကိုနိုင်ငံ၌ ထိုရောဂါကြောင့် ၁၆ဦးသေဆုံးပြီးယင်းနိုင်ငံပြင်ပ၌ထိုရောဂါကြောင့် သေဆုံးသူတစ်ဦးသာရှိသည်။ ၎င်းမှာ အမေရိကန်နိုင်ငံမှ ၂၁လသား ကလေးငယ်တစ်ဦးဖြစ်သည်။

တုပ်ကွေးရောဂါဖြစ်ပွား

A/H_1N_1ဗိုင်းရပ်စ်ပိုးဖြင့် တုပ်ကွေးရောဂါဖြစ်ပွားသူများမှာ မက္ကဆီကို၌ ၄၅၄ ဦး၊ အမေရိကန်တွင် ၁၈၄ဦး၊ ဩစတြီးယား၌တစ်ဦး၊ တရုတ်ပြည် ဟောင်ကောင်ဒေသ၌တစ်ဦး၊ဒိန်းမတ်၌ တစ်ဦး၊ နယ်သာလန်၌ တစ်ဦး၊ အိုင်ယာလန်၌ တစ်ဦး၊ ပြင်သစ်၌ တစ်ဦး၊ ကော်စတာရီကာ၌ တစ်ဦး၊ အီတလီ၌ တစ်ဦး၊ ဆွစ်ဇာလန်၌ တစ်ဦး၊တောင်ကိုရီးယား၌တစ်ဦး၊အစ္စရေး၌ နှစ်ဦး၊ နယူးဇီလန်၌ လေးဦး၊ ဂျာမနီ၌ ခြောက်ဦး၊ စပိန်၌ ၁၅ဦး၊ ဗြိတိန်၌ ၁၅ဦး နှင့် ကနေဒါ၌ ၈၅ဦး အသီးသီးရှိသည်။

တိုက်တွန်းနိုးဆော်

A/H_1N_1 ဗိုင်းရပ်စ်ပိုးကြောင့် ကူးစက် ပျံ့နှံ့နှုန်း မြင့်မားနေသေးသည့်အတွက် ရောဂါနှင့်ပတ်သက်၍ အများပြည်သူ သတိရှိရေးတိုက်တွန်းနိုးဆော်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က အဆင့်-၅မှ အဆင့်-၆သို့ တိုးမြှင့်သတိ ပေးနိုးဆော်ရန် အလားအလာရှိနေသေးသည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးအား အီရတ်တပ်ဖွဲ့ဝင် သတ်ဖြတ်

မိုဆူးလ် မေ ၄

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ စစ်စခန်းတစ်ခုတွင် အီရတ်တပ်ဖွဲ့ဝင်တစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအား မေ ၂ ရက်က သတ်ဖြတ်လိုက်ကြောင်း အီရတ်လုံခြုံရေးသတင်းရပ်ကွက်နှင့် အမေရိကန်စစ်ဘက်တို့က ကြေညာသည်။

ဒဏ်ရာရ

မိုဆူးလ်မြို့တောင်ဘက် ကီလိုမီတာ ၂၀ခန့်အကွာ ဟမ်မန်အယ်လ်အလီဒေသရှိ စစ်စခန်း၌ လေ့ကျင့်သင်တန်းပေးစဉ် ဟက်ဆန်အယ်ဒူလိုင်မီဂေါ်အမည်ရှိ အီရတ်တပ်ဖွဲ့ဝင်က အမေရိကန်တပ်ဖွဲ့ဝင်များကို သေနတ်ဖြင့်ပစ်ခတ်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရသွားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

● *ကျောဖုံးမှ*

လပွတ္တာမြို့မှ စတင်ထွက်လိုက်သည်နှင့် ပတ်ဝန်းကျင်ထက် မို့မောက်ကာ ဖြောင့်ဖြူးနေသော မြေသားကျောက်ခင်းလမ်းကြီးကို ဘွားခနဲ မြင်တွေ့ရသည်။ မျက်စိတစ်ဆုံးရှည်လျား သွယ်တန်းထားသော မြေသားကျောက်ခင်းလမ်းကား လမ်းဘေးတစ်ဖက်တစ်ချက် မြင်ကွင်းများကို အပေါ်စီးမှ လှမ်းမြင်ရသည်။ လပွတ္တာနှင့် သင်္ကန်းကြီးရွာကို ဆက်သွယ်ထားသော လမ်းပင်ဖြစ်သည်။

"တည်ဆောက်ရေးလုပ်ငန်းတွေ အားလုံးပြီးစီးခဲ့ပါပြီ"

ဦးစိုးမြင့်လှိုင်
ဒုတိယဦးစီးမှူး။

"အခုအချိန်မှာ နေအိမ်တွေနဲ့ အားလုံးနေသားတကျဖြစ်နေကြပါပြီ"

ကိုဇော်မင်းဦး
ဇင်ရွဲကြီးရွာသား။

ပေးပို့နေပါတယ်။ သောက်သုံးရေရရှိရေး အတွက်လည်း ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပြီး အခုပေးပို့နေမှုလည်း ပြုလုပ်နေပါတယ်"ဟု Save the Children မှ တာဝန်ခံ ကိုသက်နောင်အေးက ပြောကြားသည်။

ရေသန့်ဖြန့်ဖြူး

ရေသန့်ဖြန့်ဖြူးမှုအနေဖြင့် ပျဉ်ထောင်တွင်း၊ ချောင်းဝကုန်း၊ လိပ်ကွင်း၊ ငါးခုံးမ၊ အိုးဘိုရွာ စသည့် ရွာပေါင်း ၁၀ရွာခန့်ကို ဖြန့်ဖြူးပေးလျက်ရှိရာ အောင်မြင်လျက်ရရှိစေရန် ဈေးဆိုင်ခန်းများ တည်ဆောက်ပေးထားသည်ကို မြင်တွေ့ရသည်။

သဘာဝဘေးကြုံပါက

ပျဉ်ထောင်တွင်းရွာမှ ဆက်လက်ထွက်ခွာခဲ့ရာ အုတ်ကန်ကြီးကျေးရွာသို့ ရောက်ရှိခဲ့သည်။ ရွာထိပ်တွင် သဘာဝဝန်းကျင်တွင်ရှိသော သင်္ကန်းကြီးရွာနှင့် အောက်ကိုးဘိုရွာသားများအတွက် ခိုကိုးရာရစေရန် စီစဉ်ပေးထားခြင်း ဖြစ်သည်။ ထို့အတူ ခရီးသွားလာရင်း ရုတ်တရက် သဘာဝဘေးကြုံတွေ့ရပါက လွယ်လင့်တကူ ဘေးကင်းစွာခိုလှုံ၍ ရစေရန်လည်း တည်ဆောက်ပေးထားခြင်း ဖြစ်သည်။

ဖြင့် စည်ကားစိုပြည်နေလေပြီ။ ညီညာဖြောင့်တန်းစွာ ဖောက်လုပ်ထားသော ရွာလယ်လမ်း၊ သပ်ရပ်စွာ တည်ဆောက်ထားသည့် လူနေအိမ်များက ပြီးခဲ့သည့်နှစ်က နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသည်ဆိုသော အမှတ်လက္ခဏာမတွေ့ရ။ ရွာလယ်လမ်းအတိုင်း ကျောင်းအပြန် ပြေးလွှားခဲ့သည်။ ကွန်ကရစ်အုတ်ကန်ကြီး နှစ်လုံးဖြင့် တစ်နေ့လျှင် ရေသန့်လီတာ ၁၅၀၀၀ ထုတ်လုပ်ကာ ဇင်ရွဲကြီးကျေးရွာအပြင် အနီးဝန်းကျင်ရှိ အထက်ကိုးဘို၊ အောက်ကိုးဘို၊ ငါးခုံးမရွာများအထိ ရေသန့်များ ဖြန့်ဖြူးပေးလျက်ရှိသည်ကို တွေ့ရသည်။ ထိုရေသန့်စင်ခြင်းလုပ်ငန်းတွင် ဇင်ရွဲကြီးဘေးအန္တရာယ် ကြုံတွေ့ရပါက အရေးပေါ် ရွှေ့ပြောင်းနေထိုင်၍ရသည့် "အသက်ကယ်ကုန်း" ပြုလုပ်ပေးထားသည်ကို တွေ့ရသည်။ အလျားပေ ၁၂၀၊ အနံပေ ၅၀ အကျယ်ရှိပြီး အမြင့် ၇ပေရှိရာ အနီး

ထို့နောက် ဇင်ရွဲကြီးရွာသို့ ရောက်ရှိခဲ့သည်။ နာဂစ်မုန်တိုင်းကြောင့် ဇင်ရွဲလေးရွာနှင့် ချောင်းတစ်ဖက်ကမ်းရှိ ဇင်ရွဲကြီးရွာတို့ ရွာလုံးပျောက်ခဲ့ရသည်။ ယခုမူ နေအိမ်၊ စာသင်ကျောင်း၊ ဆေးပေးခန်းတို့

လပွတ္တာမြို့နယ် ဇင်ရွဲကြီးရွာမှ နွေရာသီ ယဉ်ကျေးမှုသင်တန်း တက်ပြီး ပြန်လာကြသော ကျောင်းသား ကျောင်းသူလေးများအား ဤသို့ ကြည်နူးဖွယ်မြင်တွေ့ရသည်။ (မြန်မာ့အလင်း)

ဆော့ကစားနေသည့် မူလတန်းကျောင်းသားလေးများ၏ ပုံရိပ်လွှာကလည်း ကြည်နူးဖွယ်ပင်။

"အခု ကျွန်တော်တို့ ဇင်ရွဲကြီးရွာမှာ နေအိမ် ၁၉၃လုံး၊ လူဦးရေ ၉၂၀ ရှိပါတယ်။ နိုင်ငံတော်ကလည်း ပံ့ပိုးတယ်။ ပြည်တွင်းဆောက်လုပ်ရေး ကုမ္ပဏီတွေကလည်း တည်ဆောက်ပေးခဲ့လို့ အခုဆိုရင် အားလုံး အခြေတကျဖြစ်ခဲ့ပါပြီ။ ကျွန်တော်ကိုယ်တိုင်ကလည်း လယ် ၁၀ဧက စိုက်ပျိုးပါတယ်။ စပါးအထွက်နှုန်းက အရင်ကလိုပဲ ထွက်နေတာမို့ ထိခိုက်မှုမရှိပါဘူး။ သဘာဝဘေး ကြိုတင်ကာကွယ်ဖို့အတွက် ရေငန်တားတာတွေ၊ အသက်ကယ်ကုန်းတွေနဲ့ Cyclone Shelter တွေ တည်ဆောက်ပေးထားပြီမို့ စိုးရိမ်စရာတော့ သိပ်မရှိပါဘူး"ဟု ဇင်ရွဲကြီးရွာသား ကိုဇော်မင်းဦးက ဝမ်းသာအားရ ပြောပြသည်။

ရေချိုရေသန့်

ဇင်ရွဲကြီးရွာထိပ်တွင် ရေငန်မှရေချိုရေသန့်ပြုလုပ်သော စက်သို့ ရောက်ရှိ

ရွာသားများက ကိုယ်တိုင် လုပ်ကိုင်နေကြသည်ကိုလည်း အားရဖွယ်မြင်တွေ့ရသည်မှာ ယခင်နှင့်မတူ တိုးတက်ပြောင်းလဲနေသည့် မြင်ကွင်းပင်ဖြစ်သည်။

တည်ဆောက်ထား

ဇင်ရွဲလေးရွာသည် သင်္ကန်းကြီးကျေးရွာအုပ်စုတွင် ပါဝင်ပြီး ချောင်းတစ်ဖက်ကမ်းရှိ ဇင်ရွဲကြီးရွာသည် ပြင်စလူမြို့တွင် ပါဝင်သည်။ ဇင်ရွဲလေးရွာ အနောက်တောင်ဘက်တွင် Cyclone Shelter တစ်ခု တည်ဆောက်ထားသည်။ အလျားပေ၆၀၀၊ အနံပေ ၃၆၀နှင့် အနက် ၈၂ပေရှိသည့် မုန်တိုင်း ဒီရေတားကန်နှင့် Cyclone Shelter တို့မှာ ဒေသခံ ၅၀၀ကျော်တို့ သဘာဝဘေး ဒုက္ခကြုံတွေ့ရပါက ဘေးကင်းစွာ ခိုလှုံနိုင်ကြစေရန် တည်ဆောက်ပေးထားခြင်း ဖြစ်သည်။

ထို့အပြင် လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်းပေါ်ရှိ နလင်ကျော်ချောင်းတံတားလည်း တည်ဆောက်ပြီးသွားပြီဖြစ်ရာ သင်္ကန်းကြီးမှ လပွတ္တာမြို့သို့ အချိန်တိုအတွင်း သွားလာနိုင်ကြပြီဖြစ်သလို သဘာဝဘေး ကြိုတင်သတိပေးချက်များ ရရှိပါကလည်း ဤလမ်းကို အသုံးပြုပြီး လပွတ္တာမြို့သို့ ဘေးကင်းလွယ်ကူစွာ ရွှေ့ပြောင်းနေထိုင်နိုင်ကြပြီဖြစ်ပါကြောင်း သတင်းခရီး ကွင်းဆင်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လပွတ္တာမြို့နယ် ဇင်ရွဲလေးကျေးရွာ ပြန်လည်တည်ဆောက်ပေးထားမှုကလည်း ပုံစံတကျ သပ်သပ်ရပ်ရပ်....။ (မြန်မာ့အလင်း)

"ဒီလမ်းက ဒီနှစ်မှ အခုလို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်တဲ့ လမ်းအဖြစ် တည်ဆောက်ထားတာပါ။ စုစုပေါင်းအရှည်က ၁၈မိုင်ရှိပြီး အမြင့် ၈ပေ ရှိတယ်။ ဒီလမ်းဟာ မိုးရာသီမှာ ရေငန်တားပြီးသားဖြစ်သွားသလို သဘာဝဘေးအန္တရာယ် ကြုံတွေ့ရချိန်မှာ ဘေးကင်းတဲ့နေရာကို အချိန်မီရှောင်တိမ်းလို့ရအောင်လည်း တွက်ချက်ပြီး ဖောက်လုပ်ထားတာပါ။ ဒါ့အပြင် စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ လုံခြုံရေးတွေအတွက် အရေးပါတဲ့လမ်း ဖြစ်ပါတယ်၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ အားလုံး ပြီးစီးခဲ့ပါပြီ"ဟု လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဒုတိယဦးစီးမှူး ဦးစိုးမြင့်လှိုင်က မြန်မာ့အလင်း သတင်းအဖွဲ့အား ရှင်းပြသည်။

အားထားစရာ

ဤလမ်းသည် လမ်းဘေး ဝဲယာတစ်ဖက်တစ်ချက်တွင်ရှိသည့် ကျေးရွာပေါင်း ၃၀ခန့်တို့အတွက် အားထားစရာ လမ်းလည်း ဖြစ်သည်။ လပွတ္တာမြို့မှ သင်္ကန်းကြီးရွာသို့ ဆိုင်ကယ်ဖြင့်သွားလျှင် ၄၅မိနစ်၊ လမ်းလျှောက်လျှင် နှစ်နာရီနှင့် ထော်လာဂျီမောင်းနှင်သွားလျှင် တစ်နာရီခန့်ကြာကြောင်း သိရသည်။ ယခင်က ဤလမ်းသည် ခြေကျင်လမ်းအဖြစ်လေးသာရှိခဲ့ပြီး ဒေသခံပြည်သူများအား အကျိုးပြုနိုင်မှု နည်းခဲ့သည်။ ယခု၌မူ ဒေသခံတို့အတွက် အပြည့်အဝ အားကိုးနိုင်ပြီဖြစ်သည်။

ထို့နောက် လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ မိဦးချောင်းသို့ ရောက်ရှိခဲ့ကြသည်။ မိဦးချောင်းမှ ရေများကို ရေသန့်အဖြစ် ပြုပြင်ပြီး ကျေးရွာများအရောက် ဖြန့်ဖြူးပေးနေမှုကိုလည်း တွေ့မြင်ခဲ့ရသည်။ "ကျွန်တော်တို့က မိဦးချောင်းထဲက ရေတွေကို ရေသန့်ပြုလုပ်ပြီး ကျေးရွာတွေအရောက် ပုံးတွေနဲ့

ရှိသည်။ ဤရေသန့်စက်မှ နေ့စဉ် လီတာ ၂၀၀၀ ထုတ်လုပ်ဖြန့်ဖြူးနိုင်စွမ်းရှိသည်။ ယခုဖြန့်ဖြူးပေးနိုင်ရန်အတွက် လပွတ္တာမြို့နယ်၊ ပြင်စလူမြို့ သပြေကုန်းရွာအုပ်စု မိဦးကျေးရွာ၌ ရေသန့်စက်ထိုင်ပြီး မုန်တိုင်းဒဏ် ခံစားခဲ့ရသော ကျေးရွာများသို့ သောက်သုံးရေဖြစ်သည့် ရေသန့်များကို ဖြန့်ဝေပေးနေခြင်း ဖြစ်သည်။

ထို့နောက် လမ်းပေါ်လျှောက်လာသူ ဒေသခံတစ်ဦးကိုမေးမြန်းရာ "ကျွန်တော့်နာမည်က ကိုအောင်ကြီးလို့ ခေါ်ပါတယ်။ ပြင်စလူမြို့ထဲမှာပါတဲ့ ပျဉ်ထောင်တွင်းရွာမှာ နေထိုင်တာပါ။ စီးပွားရေးအနေနဲ့ လယ်ဧက ၉၇ဧက စိုက်ပျိုးထားပါတယ်။ ဒီလမ်းဖောက်လုပ်လိုက်တာဟာ ပြည်သူတွေအတွက် စီးပွားရေး၊ လူမှုရေးနဲ့ အသက်အိုးအိမ်လုံခြုံရေး စတဲ့ ကဏ္ဍတွေမှာ အများကြီး အထောက်အကူဖြစ်စေပါတယ်"ဟု ပြောကြားသည်။ ပျဉ်ထောင်တွင်းရွာ၌ လေဘေးသင့်ခံရပြီး အိမ်ထောင်ဦးစီးမရှိသည့် မိသားစုများအတွက် ဝင်ငွေ

လပွတ္တာမြို့နယ် မိဦးကျေးရွာအနီး မိဦးချောင်းမှ ရေများကို စက်ဖြင့်စုပ်ယူကာ ရေသန့်စက်ဖြင့် ရေချိုရေသန့်ပြုလုပ်ကာ ဤသို့ ဖြန့်ဝေပေးလျက်ရှိသည်။ (မြန်မာ့အလင်း)

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်၌ ဖောက်လုပ်ထားသော လပွတ္တာနှင့် သင်္ကန်းကြီးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားလမ်း ဖောက်လုပ်ထားမှု မြင်ကွင်း....။ (မြန်မာ့အလင်း)

5-5 (05).pmd 1 5/5/2009, 2:17 AM

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ရေး စီမံကိန်းများ

စဉ်	စီမံကိန်း	စီမံကိန်းတည်နေရာ	အကျိုးပြုလယ်မြေဧက
၁။	စီပဒုံးရေလှောင်တမံ	စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် အိုင်းမကျေးရွာအနီး	၁၀၀၀၀ ခန့်
၂။	ဖောဓိတစ်ထောင်ရေလှောင်တမံ	စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်ကျေးရွာအနီး	၁၀၀ ခန့်
၃။	ပွဲကောက်ရေလှောင်တမံ	မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်	၁၅၀
၄။	တောက်ပြိုရေလှောင်တမံ	မန္တလေးတိုင်း နေပြည်တော်ပျဉ်းမနား	၃၀၀ ခန့်
၅။	ရေငန်တားတာတည်ဆောက်ခြင်း	ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်	၄၀၅၀ ခန့်
၆။	ပင်းတောက်ရေလှောင်တမံ	ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအနီး	၂၀၀ ခန့်
၇။	နမ့်ပါပေါင်းရေလှောင်တမံ	ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် မက်မီးရွာအနီး	၁၀၀၀ ခန့်

စာမျက်နှာ ၃ မှ

လယ်ယာ/ဆည်မြောင်း

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီပဒုံးရေလှောင်တမံစီမံကိန်း၊ ဖောဓိတစ်ထောင်ရေလှောင်တမံစီမံကိန်း၊ ပွဲကောက်ရေလှောင်တမံစီမံကိန်း၊ တောက်ပြိုရေလှောင်တမံစီမံကိန်း၊ ပိုက်ဆီး-မရမ်းကမ်းပတ်တာ ပြင်ပတွင် ရေငန်တားတာ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်း၊ ပင်းတောက်ရေလှောင်တမံစီမံကိန်း၊ နမ့်ပါပေါင်းရေလှောင်တမံစီမံကိန်း တည်ဆောက်အကောင်အထည်ဖော်ရေး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ရန် တင်ပြသည့်စီမံကိန်းများအနက် ပထမစီမံကိန်းမှာ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် အိုင်းမကျေးရွာအနီး စီပဒုံးချောင်းပေါ်၌ မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက်အကောင်အထည်ဖော်သွားမည့် စီပဒုံးရေလှောင်တမံစီမံကိန်းဖြစ်ပြီး အဆိုပါ စီမံကိန်းပြီးစီးပါက လယ်မြေဧရိယာဧက ၁၀၀၀၀ခန့်ကို ဆည်ရေပေးဝေစိုက်ပျိုးနိုင်မည်ဖြစ်၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်ပါ အထောက်အကူပြုမည်ဖြစ်သည်။

ဖောဓိတစ်ထောင်ရေလှောင်တမံစီမံကိန်း

ဒုတိယစီမံကိန်းမှာ စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်ကျေးရွာအနီး ရေထွက်ချောင်းပေါ်၌ တည်ဆောက်ထားသည့် မြေသားတမံအမျိုးအစား ဖောဓိတစ်ထောင်ရေလှောင်တမံစီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းမှာ စိုက်ပျိုးမြေဧရိယာဧက ၁၀၀ခန့်ကို ဆည်ရေပေးဝေနိုင်ပြီး ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းကို ၂၀၀၇-၂၀၀၈ခုနှစ်တွင် တည်ဆောက်ခဲ့ပြီးဖြစ်သည်။

စီပဒုံးရေလှောင်တမံစီမံကိန်း

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် အိုင်းမကျေးရွာအနီး စီပဒုံးချောင်းပေါ်၌ မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက် အကောင်အထည်ဖော်သွားမည့် စီပဒုံးရေလှောင်တမံစီမံကိန်းဖြစ်ပြီး အဆိုပါစီမံကိန်း ပြီးစီးပါက လယ်မြေဧရိယာဧက ၁၀၀၀၀ ခန့်ကို ဆည်ရေ ပေးဝေစိုက်ပျိုးနိုင်မည်ဖြစ်၍ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အတွက်ပါ အထောက်အကူပြုမည် ဖြစ်သည်။

ပွဲကောက်ရေလှောင်တမံစီမံကိန်း

တတိယစီမံကိန်းမှာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဝဲလောင်ချောင်းပေါ်၌ မြေသားတမံတည်ဆောက်၍ ပြင်ဦးလွင်မြို့နှင့် ရတနာပုံမြို့သစ်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးမြေဧရိယာဧက ၁၅၀ကို ဆည်ရေပေးဝေနိုင်မည့် ပွဲကောက်ရေလှောင်တမံစီမံကိန်းဖြစ်ပြီး အငယ်စားရေအားလျှပ်စစ်စက်ရုံကိုပါ ပူးတွဲထည့်သွင်း တည်ဆောက်သွားမည်ဖြစ်သည်။

တောက်ပြိုရေလှောင်တမံစီမံကိန်း

စတုတ္ထစီမံကိန်းမှာ မန္တလေးတိုင်း နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ တောက်ပြိုချောင်းပေါ်၌ မြေသားတမံအမျိုးအစား တည်ဆောက်၍ လယ်မြေဧက၃၀၀ခန့်ကို ရေပေးဝေမည့် တောက်ပြိုရေလှောင်တမံစီမံကိန်းဖြစ်သည်။ ယင်းရေလှောင်တမံကို ၂၀၀၈-၂၀၀၉ခုနှစ်တွင် တည်ဆောက်ခဲ့ပြီးဖြစ်သည်။

ပဉ္စမစီမံကိန်းမှာ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပိုက်ဆီး-မရမ်းကမ်းပတ်တာပြင်ပတွင် ရေငန်တားတာ တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းဖြစ်ပြီး လယ်မြေဧကသစ် ၄၀၅၀ခန့်ကို ဖော်ထုတ်စိုက်ပျိုးနိုင်ရန်အတွက် တည်ဆောက် အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ပင်းတောက်ရေလှောင်တမံစီမံကိန်း

ဆဋ္ဌမစီမံကိန်းမှာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအနီး နမ့်ယာချောင်းပေါ်၌ တည်ဆောက်မည့် မြေသားတမံအမျိုးအစား ပင်းတောက်ရေလှောင်တမံစီမံကိန်းဖြစ်သည်။ အဆိုပါ စီမံကိန်းပြီးစီးပါက ကျိုင်းတုံမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာ ဧက၂၀၀ခန့်ကို ဆည်ရေပေးဝေနိုင်မည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်ပါ အထောက်အကူပြုမည်ဖြစ်သည်။

နမ့်ပါပေါင်းရေလှောင်တမံစီမံကိန်း

သတ္တမစီမံကိန်းမှာ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် မက်မီးရွာအနီး နမ့်ပါပေါင်းချောင်းပေါ်၌ တည်ဆောက်မည့် မြေသားတမံအမျိုးအစား နမ့်ပါပေါင်းရေလှောင်တမံစီမံကိန်းဖြစ်ပြီး လက်ရှိလယ်မြေဧရိယာ ၃၀၀ကျော် အပြင် ထပ်မံပြုပြင်တိုးချဲ့၍ ဧက၁၀၀၀ခန့်ကို ဆည်ရေပေးဝေနိုင်ရန်နှင့် အောက်ဘက်ရှိ ဇော်ဂျီရေလှောင်တမံသို့ ရေကူ ရေဖြည့်ပေးရန်အတွက် ရည်ရွယ်တည်ဆောက် အကောင်အထည်ဖော်ခြင်းဖြစ်သည်။ အငယ်စားရေအားလျှပ်စစ်စက်ရုံကိုပါ ပူးတွဲတည်ဆောက်ရန် စီမံထားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက အကြီးစားဒီဇယ်အင်ဂျင်များ (2200 HP- 2700 HP) နှင့် (6200 -7000 HP) ထုတ်လုပ်မှုစီမံကိန်း၊ 60 HP-200 HP DC Motor ကြီးများနှင့် Servo-motor/ Synchro-motor ထုတ်လုပ်မှုစက်ရုံစီမံကိန်း၊ ဘွိုင်လာ ထုတ်လုပ်မှုစက်ရုံစီမံကိန်း၊ Control System Plant စီမံကိန်း၊ စက်မှုသုံး အဆင့်မြင့်ကိရိယာအလုပ်ရုံစီမံကိန်း၊ မော်တော်ယာဉ်သုံးပစ္စည်း ထုတ်လုပ်မှု အလုပ်ရုံစီမံကိန်း (Automotive Parts Manufacturing Plant)များနှင့် စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ စီမံကိန်း၏တိုးချဲ့စီမံကိန်းအဖြစ် စွမ်းအားပိုမိုသော အကြီးစား ဒီဇယ်အင်ဂျင်များ ထုတ်လုပ်မှုစက်ရုံစီမံကိန်းကို အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် သတ္တုတူးဖော်ရေး ကဏ္ဍများအတွက် မြင်းကောင်ရေ(၂၂၀၀-၂၇၀၀)နှင့် မြင်းကောင်ရေ (၆၂၀၀-၇၀၀၀)ရှိ အကြီးစားဒီဇယ်အင်ဂျင်များကို ထုတ်လုပ်သွားမည်ဖြစ်သည်။

ထုတ်လုပ်နိုင်

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် မြင်းကောင်ရေ (၆၀-၂၀၀) DC Motor ကြီးများနှင့် Servo-motor/ Synchro-motor များ ထုတ်လုပ်မှု စက်ရုံစီမံကိန်းကို သာဂရစက်မှုနယ်မြေတွင် တည်ဆောက်အကောင်အထည် ဖော်သွားမည်ဖြစ်ပြီး နှစ်စဉ် မြင်းကောင်ရေ (၆၀-၂၀၀) DC Motor အလုံး ၁၀၀၊ Servo-motor/ Synchro-motor အလုံး ၁၀၀၀ ထုတ်လုပ်နိုင်မည် ဖြစ်သည်။

ဘွိုင်လာထုတ်လုပ်မှု စက်ရုံစီမံကိန်းကို သာဂရစက်မှုနယ်မြေတွင် တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ အဆိုပါစက်ရုံ ပြီးစီးပါက စက်မှုလုပ်ငန်းများအတွက် ၀ဒသမ၅တန်မှ ၂ဒသမ၅တန်အထိ ဘွိုင်လာများကို တစ်နှစ်လျှင်အလုံး၅၀ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သာဂရစက်မှုနယ်မြေ

Control System Plant စီမံကိန်းကို ပဲခူးတိုင်း သာဂရစက်မှုနယ်မြေတွင် တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး နိုင်ငံတော်က တည်ထောင်ထားပြီးဖြစ်သည့် မော်တော်ယာဉ်၊ မြေထိုး၊ မြေတူးယန္တရား၊ စက်ပစ္စည်း ကိရိယာများ၊ လျှပ်စစ်ပစ္စည်းကိရိယာများထုတ်လုပ်သည့် စက်ရုံများအတွက် လိုအပ်သော Control System များ၊ ပြည်တွင်းဈေးကွက်တွင် အသုံးများသော မော်တော်ယာဉ်၊ ဆောက်လုပ်ရေးသုံး စက်ယန္တရားများ၊ စက်ကိရိယာများ၊ လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားပေး စက်မှုလုပ်ငန်းများအတွက် Control System များ ထုတ်လုပ်သွားမည်ဖြစ်သည်။ *စာမျက်နှာ ၇ ကော်လံ ၁*

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်က ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် မိုးစပါးအပြင် ဆောင်းသီးနှံ၊ နွေစပါးနှင့် အခြားသီးနှံများပါ တိုးချဲ့ စိုက်ပျိုးနိုင်မည့် ဇီးချောင်းရေလှောင်တမံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



သာဂရစက်မှုနယ်မြေ၌ တစ်နှစ်လျှင် မြေထိုးစက် အစီး ၁၀၀ နှင့် မြေတူးစက် အစီး ၂၀၀ ထုတ်လုပ်နိုင်မည့် မြေထိုး၊ မြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံ(သာဂရ)ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ စီမံကိန်း၏ တိုးချဲ့ စီမံကိန်းအဖြစ် စွမ်းအားပိုမိုသော အကြီးစား ဒီဇယ် အင်ဂျင်များထုတ်လုပ်မှုစက်ရုံစီမံကိန်းကို အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် သတ္တုတူးဖော်ရေးကဏ္ဍများအတွက် မြင်းကောင်ရေ (၂၂၀၀-၂၇၀၀)နှင့် မြင်းကောင်ရေ (၆၂၀၀-၇၀၀၀)ရှိ အကြီးစား ဒီဇယ်အင်ဂျင်များကို ထုတ်လုပ်သွားမည်ဖြစ်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနက အကောင်အထည်ဖော်မည့် စက်ရုံစီမံကိန်းများ

စဉ်	စီမံကိန်း	စီမံကိန်းတည်နေရာ
၁။	အကြီးစားဒီဇယ်အင်ဂျင်များ (2200 HP-2700 HP) နှင့် (6200-7000 HP) ထုတ်လုပ်မှုစက်ရုံစီမံကိန်း	သာဂရစက်မှုနယ်မြေ
၂။	60HP-200HP DC Motor ကြီးများနှင့် Servo-motor/Synchro-motor ထုတ်လုပ်မှုစက်ရုံစီမံကိန်း	သာဂရစက်မှုနယ်မြေ
၃။	ဘွိုင်လာထုတ်လုပ်မှုစက်ရုံစီမံကိန်း	သာဂရစက်မှုနယ်မြေ
၄။	Control System Plant စီမံကိန်း	သာဂရစက်မှုနယ်မြေ
၅။	စက်မှုသုံးအဆင့်မြင့်ကိရိယာအလုပ်ရုံစီမံကိန်း	ပန်းတောင်းစက်မှုနယ်မြေ
၆။	မော်တော်ယာဉ်သုံးပစ္စည်းထုတ်လုပ်မှုအလုပ်ရုံစီမံကိန်း	မကွေးစက်မှုနယ်မြေ

စာမျက်နှာ ၆ မှ

တိုးချဲ့တည်ဆောက်

စက်မှုသုံး အဆင့်မြင့်ကိရိယာအလုပ်ရုံစီမံကိန်းကို ပန်းတောင်းစက်မှုနယ်မြေရှိ အမှတ်(၁) စက်နှင့်စက်ကိရိယာထုတ်လုပ်မှုစက်ရုံတွင် တိုးချဲ့တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

အကောင်အထည်ဖော်

မော်တော်ယာဉ်သုံးပစ္စည်း ထုတ်လုပ်မှုအလုပ်ရုံ Automotive Parts Manufacturing Plant စီမံကိန်းကို မကွေးတိုင်း မကွေးစက်မှုနယ်မြေတွင် တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ အဆိုပါ စီမံကိန်းမှ နှစ်စဉ် ယာဉ်အစီး ၅၀၀၀အတွက် လိုအပ်မည့် မော်တော်ယာဉ်အစိတ်အပိုင်းမျိုးစုံကို ထုတ်လုပ်သွားမည်ဖြစ်သည်။

ဆောက်လုပ်ရေး

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖျာပုံ-ကျုံကဒွန်း-ဒေါင်ကြီမ်း-အမာလမ်း၊ နေပြည်တော်-တောင်ညို-မြို့သစ်-မကွေးလမ်း၊ ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာ-ပြင်စာ-ပြင်ဦးလွင်ဖြတ်လမ်း၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းများ ဖောက်လုပ်ရန်ကိစ္စ၊ ကသာ-ဗန်းမော်မီးရထားလမ်း၌ ဧရာဝတီ မြစ်ကူးတံတား(စင်းခန်း) စီမံကိန်း၊ ရခိုင်ပြည်နယ် စစ်တွေ-အမ်း-မင်းဘူးရထားလမ်း၌ သယု(ပဲပဒို) တံတားတည်ဆောက်ရေးစီမံကိန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁

အမှတ်(၂)စက်မှု ဝန်ကြီးဌာန စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်)ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဆောက်လုပ်ရေးဝန်ကြီးဌာနက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင်လမ်းမကြီးငါးခုအပြင် လမ်းအရှည် ၅၁မိုင် ၅ဖာလုံရှိ ဖျာပုံ-ကျုံကဒွန်း-ဒေါင်ကြီမ်း-အမာလမ်းကို ဂဝံလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်အထိ အဆင့်ဆင့် အဆင့်မြှင့် ဖောက်လုပ်သွားမည်ဖြစ်သည်။

မြန်ဆန်လွယ်ကူ

လမ်းသစ်တစ်ခုအဖြစ် တိုးချဲ့ဖောက်လုပ်မည့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းမှာ လမ်းအရှည် ၃၈မိုင်၅ဖာလုံရှိပြီး ဖောက်လုပ်ပြီးစီးပါက ပင်လယ်ကမ်းရိုးတန်းဒေသများသို့ သွားရောက်ရာတွင် လမ်းပန်းဆက်သွယ်မှု လျင်မြန် မြန်ဆန်ချောမွေ့ လွယ်ကူလာမည်ဖြစ်ပြီး ဒေသခံပြည်သူများ သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးမှုအမျိုးမျိုးကို အချိန်မီကာကွယ်နိုင်မည်ဖြစ်သည်။

ခရီးမိုင်သက်သာ

လက်ရှိအသုံးပြုနေသည့် နေပြည်တော်-တောင်ညို-တောင်တွင်းကြီး-မကွေးလမ်း၊ နေပြည်တော်-တောင်ညို-တောင်တွင်းကြီး-မြို့သစ်-နတ်မောက်-မကွေးလမ်းများအပြင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နေပြည်တော်-တောင်ညို-မြို့သစ်-မကွေးလမ်းသစ်ကို ဖောက်လုပ်မည်ဖြစ်သည်။ ခရီးမိုင်မှာ နေပြည်တော်မှ မကွေးမြို့သို့ ၁၀၈မိုင် ၄ဖာလုံသာရှိပြီး လက်ရှိလမ်းများထက် တောင်တက်တောင်ဆင်းနည်းပြီး ခရီးမိုင်သက်သာသွားမည်ဖြစ်သည့်အပြင် လမ်းသစ်ပေါ်ရှိ ဒေသများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

လွယ်လင့်တကူသယ်ပို့နိုင်

ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာ-ပြင်စာ-ပြင်ဦးလွင် ဖြတ်လမ်းသည် ခရီးမိုင်အရှည် ၄၇မိုင် ၄ဖာလုံ ရှိမည်ဖြစ်ပြီး ဖောက်လုပ်ပြီးစီးပါက ကျောက်ဆည်စက်မှုဇုန်နယ်မြေရှိ စက်ရုံများ၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းများသို့ ပစ္စည်းများ လွယ်လင့်တကူ သယ်ပို့နိုင်ပြီး လက်ရှိဖောက်လုပ်ပြီးအသုံးပြုနေသော လမ်းကြောင်းဖြစ်သည့် ကျောက်ဆည်-ဘဲလင်း-ရဲရွာမူလလမ်းကြောင်းထက် ခရီး ၁၂မိုင်သက်သာမည့်အပြင် ကျောက်ဆည်-မန္တလေး-ပြင်စာ မူလလမ်းကြောင်းထက် ခရီး ၁၂မိုင် ၆ဖာလုံ သက်သာမည်ဖြစ်သည်။

ရွှေလီမြစ်ကူး ရွှေလီတံတား(နမ့်ခမ်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း-ဗန်းမော်လမ်း မိုင်တိုင်အမှတ်(၃၀၆/၆)ရှိ ရွှေလီမြစ်ကူး ရွှေလီတံတား(နမ့်ခမ်း)ကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

- စိုက်ပျိုးရေးကဏ္ဍပိုင်း၌ တိုးတက်အောင်မြင်မှုများရရှိအောင် ကြိုးပမ်းလုပ်ကိုင်ခဲ့ရာ ယခုအခါ နိုင်ငံတော်၌ ဝမ်းစာရိက္ခာ ဖူလုံရုံသာမက ပိုလျှံနေ။
- မိမိတို့ တိုင်းပြည်တာဝန်ကို စတင်ယူချိန်၌ စပါးထွက်ရှိမှုမှာ စုစုပေါင်း စပါးတင်းသန်း ၆၀၀ကျော်ခန့်သာရှိခဲ့ရာမှ ယခုအခါ စပါးတင်းသန်း ၁၆၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်ပြီဖြစ်ရာ နောင်လူဦးရေ သန်း ၁၀၀ တိုးပွားလာသည်အထိ စားနပ်ရိက္ခာအတွက် ပူပင်ကြောင့်ကြရန် မရှိဘဲ လုံလုံလောက်လောက် စားသုံးနိုင်၊ ဆက်လက်၍လည်း စပါးတင်းသန်း ၂၀၀၀ ထွက်ရှိရန် ရည်မှန်းချက်ထား၍ ကြိုးပမ်းလုပ်ကိုင်နေ။
- ထို့အတူ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုးနှင့် ချည်မျှင်ရည်ဝါတို့ကိုလည်း သိသိသာသာ တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ပြီ။

5-5 (08).pmd 1 5/5/2009, 2:17 AM

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်အပိုင်း)တစ်နေရာကို တွေ့ရစဉ်။ (သတင်းစဉ်)

ရထားလမ်းနှင့် ကားလမ်းတံတားသစ်

ကသာ-ဗန်းမော် မီးရထားလမ်းပေါ်၌ တည်ဆောက်မည့် ဧရာဝတီမြစ်ကူးတံတား(စင်းခန်း)သည် ကားလမ်းနှစ်လမ်းနှင့် မီးရထားလမ်း ယှဉ်တွဲပါဝင်မည့် တံတားဖြစ်ပြီး တည်ဆောက်ပြီးစီးပါက အထက်မြန်မာပြည်တွင် ဧရာဝတီမြစ်ကို အရှေ့နှင့်အနောက် ဖြတ်ကျော်မည့် ရထားလမ်းနှင့် ကားလမ်းတံတားသစ်အဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပြီး ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့တို့မှ အခြားပြည်နယ်နှင့် တိုင်းများသို့ လျင်မြန်စွာ သွားလာရောင်းဝယ် ဖောက်ကားနိုင်မည်ဖြစ်သည်။

ဧရာဝတီမြစ်ကူးတံတား (စင်းခန်း)သည် ကားတံတား အရှည် ၄၇၂၅ပေကျော်၊ ရထားတံတားအရှည် ၇၈၁၅ပေကျော်၊ကားလမ်း အကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် ၃ပေစီ ပါဝင်မည်ဖြစ်သည်။

ရောင်းဝယ်ဖောက်ကား

ရခိုင်ပြည်နယ်အတွင်း တည်ဆောက်မည့် သယု (ပဲပဒုံ)တံတားမှာ ကားနှင့် ရထား ယှဉ်တွဲဖြတ်သန်းနိုင်မည့်တံတားဖြစ်ပြီး အရှည် ၄၂၅ပေ၊ ကားလမ်းအကျယ် ၂၄ပေ၊ ရထားလမ်းအကျယ် ၁၄ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် ၄ပေကျော် ရှိမည်ဖြစ်သည်။ တံတားတည်ဆောက်ပြီးစီးပါက ရခိုင်ပြည်နယ်ရှိ ပြည်သူများသည် မကွေးတိုင်းမှတစ်ဆင့် ပြည်နယ်နှင့်တိုင်း အသီးသီးသို့ လွယ်ကူလျင်မြန်စွာ သွားလာ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်သည်။

စီမံကိန်းလုပ်ငန်းများတင်ပြ

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများက မိမိတို့ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၀၉) ညှိနှိုင်းအစည်းအဝေးတွင် တင်ပြသွားသည့် ဝန်ကြီးဌာနများ၏ ရှင်းလင်းတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။ **(သတင်းစဉ်)**

လက်ရှိအသုံးပြုနေသည့် နေပြည်တော်-တောင်ညို - တောင်တွင်းကြီး - မကွေးလမ်း၊ နေပြည်တော် - တောင်ညို - တောင်တွင်းကြီး-မြို့သစ် - နတ်မောက် - မကွေးလမ်းများအပြင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နေပြည်တော်-တောင်ညို-မြို့သစ်-မကွေးလမ်းသစ်ကို ဖောက်လုပ်မည်ဖြစ်၊ ခရီးမိုင်မှာ နေပြည်တော်မှ မကွေးမြို့သို့ ၁၀၈ မိုင် ၄ ဖာလုံသာရှိပြီး လက်ရှိလမ်းများထက် တောင်တက်တောင်ဆင်းနည်းပြီး ခရီးမိုင် သက်သာ သွားမည်ဖြစ်သည့်အပြင် လမ်းသစ်ပေါ်ရှိ ဒေသများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၅-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်၊ မေတ္တာသုတ်
၅:၁၅ MRTV-4 နံနက်ခင်းသတင်း
၆:၀၀ **နိဗ္ဗာန်အကြောင်း သိကောင်းစရာ** တရားတော် (အောင်ခေမာ ဆရာတော်ဘဒ္ဒန္တခေမာစာရ)
၆:၅၀ ကုသိုလ်မျှဝေယူကြစေ ပါဒသက်သေ
၇:၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၅)
၇:၃၀ The Jetsons
၈:၀၀ MRTV-4 နံနက်ခင်းသတင်း
၈:၄၅ Sunday Talk
၉:၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
၉:၅၀ Yangon Panorama (Thanbula Collection)
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၂၅ သိစေချင်သည် ICT (အိန္ဒိယ-မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးဆိုင်ရာသင်တန်း)
၁၁:၀၅ လူအများပြောနေကျ အရိုးကျီးပေါင်းတက်ရောဂါ (ပါမောက္ခ ဒေါက်တာချစ်စိုး)
၁၁:၃၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ငါးအသားလွှာပဲငါးပိနှင့် ငါးရှဉ့်ခြောက်စပ်)
၁၁:၅၅ စိတ်၏စွမ်းအား Aikido အားကစား
၁၂:၁၅ Music Gallery (ကိုင်ဇာ-သီချင်းရှင်ရဲ့ခရီးစဉ်)
၁၂:၃၅ Cello ဆိုသည်မှာ
၁:၀၀ **နိဗ္ဗာန်အကြောင်း သိကောင်းစရာ တရားတော်** (အောင်ခေမာ ဆရာတော်ဘဒ္ဒန္တခေမာစာရ)
၁:၅၀ Rock ဂီတ၏ Fashion များ (FMF Make Over)
၂:၀၀ Fashion Music Festival (R & B)
၂:၃၀ မီးဘေးအန္တရာယ်ကို အထိရောက်ဆုံး ကာကွယ်နိုင်သည့် AFT မီးသတ်ပစ္စည်းကိရိယာ
၃:၀၀ တေးဂီတအစီအစဉ်
၃:၁၅ The Hotel Amara (NAYPYITAW) ဖွင့်ပွဲအခမ်းအနား
၃:၃၀ ဆံကေသာအလှဆင်ရာဝယ် (ဆံပင်ဖြောင့်ခြင်း၏ နောက်ဆက်တွဲ ဆောင်ရန်ရှောင်ရန်များ)
၃:၄၅ Yangon Panorama (Thanbula Collection)
၄:၀၀ Say it in English
၄:၂၅ Music Gallery (ကိုင်ဇာ-သီချင်းရှင်ရဲ့ခရီးစဉ်)
၄:၄၅ သတ္တုတူးသော ရွာကလေး
၅:၀၀ လှပချစ်စရာလက်မှုအနုပညာ (Pretty in Day & Night)
၅:၃၀ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ကျော်နန္ဒအောင်နှင့် တွေ့ဆုံခြင်း)
၆:၀၀ MRTV-4 ညနေခင်းသတင်း
၆:၁၅ Rock ဂီတ၏ Fashion များ (FMF Make Over)
၆:၃၀ Fashion Music Festival (R & B)
၇:၀၀ **သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ** မိုးအောင်ရင်၊ မိုးယုစံ (ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၇:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးအသားလွှာ ပဲငါးပိနှင့်ငါးရှဉ့်ခြောက်စပ်)
၇:၅၀ The Hotel Amara (NAYPYITAW) ဖွင့်ပွဲအခမ်းအနား
၈:၀၀ MRTV-4 သတင်း
၈:၁၅ Sunday Talk
၉:၁၅ သီးနှံအထွက်တိုးစေရာ သဘာဝမြေဩဇာ
၉:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၅)
၁၀:၀၀ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
၁၁:၄၅ သိစေချင်သည် ICT (အိန္ဒိယ-မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးဆိုင်ရာသင်တန်း)
၁၂:၂၀ **သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ** မိုးအောင်ရင်၊ မိုးယုစံ (ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League Semi-Final Second League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	Arsenal-Man Utd	ESPN (Live)

တန်းမြင့်မြေတိုင်းနှင့် ခေတ်မီမြေတိုင်း သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ တန်းမြင့်မြေတိုင်းနှင့်ခေတ်မီမြေတိုင်းသင်တန်းအမှတ်စဉ်(၁၂/၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့တွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့်ညွှန်ကြားရေးမှူးများ၊ဒုတိယ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၉၅ဦးတို့ တက်ရောက်ကြပြီးသင်တန်းကာလ ငါးလခွဲကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

ပြည်သူ့အိုးအိမ် အသက်စည်းစိမ်များ မီးဘေးအန္တရာယ်မှ ကင်းဝေးရေး အစဉ်ကာကွယ်စောင့်ရှောက်ပေးရန် အသင့်ရှိနေသည့် မီးသတ်တပ်ဖွဲ့

ရန်ကုန် မေ ၄

ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် ကြိုးစားဆောင်ရွက်နေသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို စတင်ဖွဲ့စည်းထူထောင်ခဲ့သည်မှာ မေ၅ရက် (ယနေ့)**၌ (၆၃)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။**

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်သူများ၏ အကျိုးကို ရှေးရှုပြီး ကိုယ်ကျိုးစွန့်ကာ အသက်ကို ပဓာနမထားဘဲ မီးဘေးအန္တရာယ် မကျရောက်နိုင်ရန် ကြိုးစားဆောင်ရွက်ပေးနေသည်ဖြစ်ရာ ပြည်သူများ မီးဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်များ သိရှိနိုင်ရေးအတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)သို့ ရောက်ရှိပြီး မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ရဲဗလကိုကိုလှိုင်နှင့် တွေ့ဆုံခဲ့သည်။

"ပြည်သူတွေ မီးဘေးအန္တရာယ်နဲ့ အခြားအန္တရာယ်တွေက ကင်းဝေးစေဖို့ မီးသတ်ဦးစီးဌာနအနေနဲ့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် စစ်ဆေးရေးလုပ်ငန်းတွေဟာ အဓိကကျပါတယ်။ အဆောက်အအုံတွေ ဆောက်လုပ်တဲ့အခါမှာ မီးဘေးလုံခြုံမှုနဲ့ အရေးပေါ်လွတ်မြောက်မှု အစီအမံတွေ ပါရှိဖို့ မီးသတ်ဦးစီးဌာနက စစ်ဆေးအကြံပေးလျက်ရှိပါတယ်။ အဆောက်အအုံ မဆောက်လုပ်မီ မီးသတ်ဦးစီးဌာနကို ပုံစံတင်ပြ အစစ်ဆေးခံဖို့ လိုအပ်ပါတယ်။ တင်ပြလာတဲ့ပုံစံမှာ လိုအပ်တဲ့ မီးဘေးလုံခြုံမှုနဲ့ အရေးပေါ် လွတ်မြောက်မှုဆိုင်ရာ အချက်တွေကို မီးသတ်ဦးစီးဌာနမှ ဖြည့်စွက်အကြံပြု ညွှန်ကြားပေးပါတယ်။ အဆောက်အအုံ ဆောက်ပြီးဆိုတာနဲ့ မီးသတ်ဦးစီးဌာနရဲ့ မီးဘေးကြိုတင်ကာကွယ်ရေး အကြံပြုချက်များနဲ့အညီ မီးကာကွယ်တားဆီးရေး စနစ်များ တပ်ဆင်အသုံးပြုခြင်းနဲ့ မီးသတ်ပစ္စည်းကိရိယာများ ထားရှိခြင်း အကြံပြုညွှန်ကြားချက်တွေကို အပြည့်အဝ ပါဝင်လိုက်နာ ဆောင်ရွက်ဖို့ လိုပါမယ်။ ဥပမာအနေနဲ့ပြောရရင် လေဝင်လေထွက်စနစ်၊ မီးခိုးထွက်မှုစနစ်၊ ရေရရှိမှုစနစ်၊မီးငြိမ်းသတ်မှုစနစ်၊အရေးပေါ် ထွက်ပေါက်၊ မီးသတ်လှေကား၊ မီးသတ်ရေတိုင်ငုတ်၊ ရေပက်ပိုက်လိပ်တွေ စတဲ့ အချက်တွေပါရှိဖို့ လိုပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ရဲဗလ ကိုကိုလှိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"မီးသတ်တပ်ဖွဲ့ဝင်တွေဟာ မီးလောင်ရင် အလျင်စလိုပြေးပြီး လုပ်ကိုင်ဆောင်ရွက်ကြရလို့ အသက်စွန့် လုပ်ကိုင်ရတဲ့သူတွေတောင်ရှိပါတယ်"
ဦးဇော်မင်း၊ ညွှန်ကြားရေးမှူး။

ကြိုတင်ကာကွယ်

မှန်ပေသည်။ စက်ရုံ၊ အလုပ်ရုံနှင့် အဆောက်အအုံများ တည်ဆောက်ရာတွင် မတည်ဆောက်မီကပင် အဆောက်အအုံတည်ဆောက်မည့် ပုံစံများတွင် မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရန် လိုအပ်သည့် အစီအမံများ ထည့်သွင်းပါရှိရမည်ဖြစ်သည်။ ထိုသို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုဆိုင်ရာ အစီအမံများကို မီးသတ်ဦးစီးဌာနမှ တာဝန်ယူစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း

အကြံပြုမှုခံယူခြင်းမှာ မှန်ကန်သော လုပ်ဆောင်မှု တစ်ရပ်လည်း ဖြစ်သည်။

"နောက်ပြီး မီးခိုးနဲ့ မီးကူးစက်ပြန့်ပွားမှုဖြစ်စဉ် ဆက်စပ်မှုရှိနေတယ်ဆိုတာ ပြည်သူတွေ သိစေချင်ပါတယ်။ မီးလောင်မှုဖြစ်ပွားတာနဲ့ တစ်ပြိုင်နက် မီးခိုးတွေထွက်လာတာ အားလုံးအသိပါပဲ။ အဲဒီ မီးခိုးထဲမှာပါတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက် အစရှိတဲ့ ဓာတ်ငွေ့တွေကို လူတွေ ရှူရှိုက်မိရင် အသက်ရှူကျပ်ခြင်း၊ Suffocation ဖြစ်ပြီး သေစေနိုင်တဲ့အထိ အန္တရာယ်ရှိနိုင်သလို အဲဒီမီးခိုးတွေဟာ အထက်ကိုတက်ပြီး အမိုးမျက်နှာကြက်တွေနဲ့ ထိတွေ့တဲ့အခါ ဘေးကိုပြန့်ကားသွားတယ်။ မီးခိုးပမာဏများလာတာနဲ့ သိပ်သည်းဆများလာပြီး အပူချိန်လည်း မြင့်တက်လာတယ်။ အခုလို အပူချိန်မြင့်တက်လာရာကနေ အပူစီးကူးပြီး မီးခိုးတွေကြားမှာ ရုတ်တရက် မီးတောက်မီးလျှံတွေ ထွက်ပေါ်လာတယ်။ အဲဒီလို Flash Over ဖြစ်ပွားတာဟာ အဆောက်အအုံတစ်ခုလုံးကို တစ်ပြိုင်တည်း မီးကူးစက်ပြန့်ပွား လောင်ကျွမ်းစေတာပါပဲ" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဖွဲ့စည်းထား

ထိုသို့ မီးခိုးများကြားမှ မီးတောက်မီးလျှံဖြစ်ပြီး မီးကူးစက်ပြန့်ပွားခြင်းကို အထပ်မြင့်တိုက်ခန်းများတွင် ပိုမိုဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ ထို့ကြောင့် မီးသတ်ဦးစီးဌာနက ဖွဲ့စည်းပေးထားသည့် စစ်ဆေးအဖွဲ့များအနေဖြင့် အဆောက်အအုံများတည်ဆောက်မှုကိုကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်များနှင့်ပြည့်မီမှ အဆောက်အအုံများတွင် လူနေထိုင်ခွင့် ထောက်ခံချက်ကို ထုတ်ပေးခြင်းဖြစ်သည်။ မီးသတ်ဦးစီးဌာန၏ အကြံပြုညွှန်ကြားချက်များသည် နိုင်ငံတကာစံနှုန်းနှင့် ထည့်သွင်းအကြံပြုခြင်းဖြစ်ရာ ဆောက်လုပ်သူများအနေဖြင့် တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။ သို့မှသာ အရေးပေါ်အခြေအနေ တစ်ရပ်ကြုံတွေ့ပါက ထိုအဆောက်အအုံ အတွင်းနေထိုင်ကြသည့် ပြည်သူများ အသက်ဘေးအန္တရာယ်ကင်းဝေးပြီး ဆုံးရှုံးမှုလည်း နည်းပါးစေမည်ဖြစ်သည်။

"အဆောက်အအုံတွေမှာ မီးသတ်ဦးစီးဌာနရဲ့ အကြံပြုချက်တွေကို လိုက်နာဖို့လိုပါတယ်" ရဲဗလကိုကိုလှိုင် ဒုတိယညွှန်ကြားရေးမှူးချုပ်။

"အရန်မီးသတ်တပ်ဖွဲ့ဝင်တွေ အနေနဲ့ကလည်း မီးဘေးအန္တရာယ်ကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးတိုက်ဖျက်နေတဲ့ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တပ်ဖွဲ့အသွင် ပီပီပြင်ပြင် ဖြစ်ထွန်းနေစေရေး၊ စည်းကမ်းသေဝပ်မှု၊ အမိန့်နာခံတတ်မှု၊ နိုးကြားတက်ကြွမှု၊ တစ်ဦးချင်းရော အဖွဲ့စည်းလိုက်ပါ တက်တက်ကြွကြွနဲ့ ဟန်ချက်ညီညီ လှုပ်ရှားဆောင်ရွက်နိုင်အောင်၊ အရည်အသွေးပြည့်ဝနေစေအောင် အမြဲကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေဟာ မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်နဲ့ မတော်တဆဖြစ်ရပ်များ အပါအဝင် တခြားဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်ရေးနဲ့ ကယ်ဆယ်စောင့်ရှောက်ရေးတာဝန်တွေကို အများအကျိုးဆောင်တဲ့ စေတနာ့ဝန်ထမ်း၊ ပရဟိတစိတ်ဓာတ်အပြင် စွန့်လွှတ် စွန့်စားသော စိတ်ဓာတ်စွမ်းရည်သတ္တိတွေနဲ့ စွမ်းဆောင်နိုင်မှုတွေကြောင့် နိုင်ငံတော်က အရန်မီးသတ်တပ်ဖွဲ့ဝင်လေးဦးအား စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တွေ ချီးမြှင့်အပ်နှင်းခံခဲ့ရတာမို့ ဂုဏ်ယူကျေနပ်စရာ ကောင်းပါတယ်" ဟု ရဲဗလကိုကိုလှိုင်က ပြောကြားသည်။

အရန်မီးသတ်

အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်အကျိုး၊ မိမိတို့၏ဒေသတွင်း အချိန်မရွေး ကျရာတာဝန်ကို ဦးလည်မသုန် ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်အေးချမ်းသာယာရေးအတွက် အရန်အင်အားအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်ရန် ဖွဲ့စည်းထူထောင်ပေးထားနိုင်ပြီဖြစ်သည်။ အသက် ၈၀၊ ၉၀ကျော်များဖြစ်သော်လည်း စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာကို ရှေ့တန်းတင်ကာ ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နေကြသူများလည်းရှိနေဆဲဖြစ်သည်။

"ဒါကြောင့်မို့ ပြည်သူတွေအနေနဲ့ မီးဘေးအန္တရာယ်ကင်းဝေးအောင် မီးသတ်ဦးစီးဌာနရဲ့ အကြံပြုညွှန်ကြားချက်တွေကို တိတိကျကျ လေးလေးစားစား လိုက်နာဆောင်ရွက်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသွားသည်။

တပ်ဖွဲ့ဝင်ဦးရေ

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနှင့် ဆက်လက်တွေ့ဆုံခဲ့ရာ "မီးသတ်ဦးစီးဌာနအနေနဲ့ တစ်နိုင်ငံလုံးမှာ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၇၇၈ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၂၃၉၉၄၃ဦး၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၉၇၇၂ဦးရှိပါတယ်။ မီးသတ်စခန်းတွေ အနေနဲ့ကတော့ သန္ဓေမီးသတ်စခန်း၂၂၂ခု၊ အရန်မီးသတ်စခန်း၃၂၈ခုတို့ရှိပြီး မီးသတ်စက်စုစုပေါင်း ၁၈၇၆ စီးနဲ့ မီးသတ်မှုရေး၊ မီးဘေးကြိုတင် ကာကွယ်တားဆီးရေး၊ မီးငြိမ်းသတ်ရေး၊ အသက်ကယ်တင်ရေးနဲ့ လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ရေးတို့အပြင် နိုင်ငံတော် အေးချမ်းသာယာရေး အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရေးဆိုတဲ့ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးဇော်မင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာများက တီအီးမီးသတ်ယာဉ် ၁၉၅စီးကို တည်ဆောက်ခဲ့ပြီး ပြည်တွင်း ပြည်ပ အလှူရှင်များကလည်း မီးသတ်ယာဉ်အစီး ၁၆၀ကို လှူဒါန်းခဲ့ကြောင်းသိရသည်။ မီးသတ်ဦးစီးဌာန (ရုံးချုပ်)ဝင်းအတွင်း ရေဂါလန် ၈၀၀၀ဆံ့ ရေသယ်ယာဉ်ကြီးကိုလည်း မြင်တွေ့ခဲ့ရသည်။ ပုံမှန် မီးသတ်ယာဉ်တစ်စီးသည် သုံးမိနစ်ခန့်ရေပက်လျှင် ကားပေါ်၌ သယ်ဆောင်လာသောရေ ကုန်နိုင်ကြောင်းလည်း သိရသည်။

မီးလောင်မှု ဖြစ်ပွားနေသော အထပ်မြင့် အဆောက်အအုံပေါ်မှ ပိတ်မိနေသည့် လူတစ်ဦးအား မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ခက်ခဲစွာ ကယ်ဆယ်ပုံကို ဤသို့သရုပ်ပြခဲ့သည်။
(မြန်မာ့အလင်း)

ရေဂါလန် ၈၀၀၀ သယ်ယူပေးနိုင်သော မီးသတ်ဦးစီးဌာနပိုင် ရေသယ်ယာဉ်ကြီးကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

မီးလောင်နေသည့် အဆောက်အအုံအတွင်း မီးငြိမ်းသတ်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် မီးသတ်တပ်ဖွဲ့ဝင်များ ဤသို့ သက်စွန့်ဆံဖျား ကြိုးစားကြရသည့်မြင်ကွင်း။
(မြန်မာ့အလင်း)

အရည်အသွေးပြည့်ဝ

"နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်ဝတဲ့ တပ်ဖွဲ့ဝင်တွေဖြစ်လာဖို့နဲ့ ခေတ်နဲ့အညီ ရင်ပေါင်တန်းနိုင်တဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေဖြစ်လာစေဖို့ ပြင်ဦးလွင်မြို့မှာ ဗဟိုမီးသတ်သင်တန်းကျောင်းနဲ့ ရန်ကုန်မြို့မှာ လေ့ကျင့်ရေးဌာနစုတို့ကို ဖွင့်လှစ်ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ သင်တန်းအမျိုးအစား ၂၆ခု သင်ကြားပို့ချလျက်ရှိပါတယ်။ မီးသတ်တပ်ဖွဲ့ဝင် ၁၄၆ဦးကိုလည်း ပြည်ပနိုင်ငံ အသီးသီးမှာ ပညာတော်သင် စေလွှတ်ခဲ့ပြီး ဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနမှာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့ထူး၊ ဂုဏ်ထူးရရှိတဲ့ တပ်ဖွဲ့ဝင်၂၂၉ဦး ရှိပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးဇော်မင်းက ရှင်းပြသည်။

လေ့ကျင့်သင်တန်း

အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကိုစုဖွဲ့ခြင်း၊ အတည်ပြုခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းများကို မီးသတ်ဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ မီးဘေးကြိုတင်ကာကွယ်ရေး အဖွဲ့များက ဆောင်ရွက်ပေးပြီး သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများက ဆောင်ရွက်ပေးကြောင်း သိရသည်။

"မီးလောင်မှုတွေနဲ့ ပတ်သက်ပြီး အများက လှောင်ပြောင်ပြောဆိုမှုတချို့ ကြားရပါတယ်။ မီးသတ်သမိုင်းမှာ လာဘ်ယူပြီး မီးငြိမ်းသတ်ပေးတဲ့ တပ်ဖွဲ့ဝင် မရှိသလို ဒီနေ့အထိ အဲဒီလိုအမှုနဲ့ အပြစ်ပေး အရေးယူခံရသူ တစ်ဦးမှ မရှိသေးပါဘူး။ မီးသတ်တပ်ဖွဲ့ဝင်တိုင်းဟာ မီးလောင်ရင် အလျင်စလိုပြေးပြီး လုပ်ကိုင်ဆောင်ရွက်ကြရလို့ အသက်စွန့် ဆောင်ရွက်ကြရတဲ့သူတွေတောင်ရှိပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးဇော်မင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မီးသတ်ဦးစီးဌာနသည် နိုင်ငံတော်နှင့်ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် အစဉ်နိုးကြားသော သတိနှင့် ကာကွယ်စောင့်ရှောက်ရန် အသင့်ရှိနေသလို ပြည်သူများအားလုံးကလည်း ပူးပေါင်းဆောင်ရွက်ကြရေး **"မေလ ၅ရက်၌ ကျရောက်သည့် (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့"** ကို ဂုဏ်ပြုရေးသား တင်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

မီးလောင်မှုဖြစ်ပွားချိန်၌ မီးငြိမ်းသတ်မှုနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် မီးသတ်တပ်ဖွဲ့ဝင်များ ဤသို့ အလျင်အမြန် ပြင်ဆင်ကြရသည်။
(မြန်မာ့အလင်း)

စတမ်းဖို့ဒ်ဘရစ်ချ်မှာ ချယ်လ်ဆီး

အမ်းမရိတ်မှာ မန်ယူတို့ အခြေအနေကောင်းနိုင်တယ်

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အကြို - ထွန်းထွန်းဦး(လှိုင်) ❖ စာမျက်နှာဖွဲ့စည်းမှု - မေသန်း (မြန်မာ့အလင်း)

ရန်ကုန် မေ ၄

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့မှာ ဘာစီလိုနာအတွက် ဗိုလ်လုပွဲတက်ဖို့ ရှန်းကန်ရမှာဖြစ်နေသလို အိုးထရက်ဖို့ဒ်မှာ မန်ယူကို ၁-၀ နဲ့ ရှုံးလိုက်လို့ ရတက်မအေးရအောင်ဖြစ်နေတဲ့ အာဆင်နယ်မှာလည်း အိမ်ကွင်းအမ်းမရိတ်မှာ အနိုင်ရအောင်လို့ တိုက်စစ်အစွမ်း ရှက်ကုန်ဖွင့်ရပြီလို့ ဆိုရပါလိမ့်မယ်။ နောက်ပြီး အိမ်ရှင်နှစ်သင်းဖြစ်တဲ့ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ဟာ ပရိသတ်ရှေ့မှောက်မှာ သိက္ခာရှိစွာနဲ့ သမိုင်းမှာမှတ်တမ်းအသစ်တွေ ရေးထိုးနိုင်ဖို့ကို ကြိုးစားရပြီဖြစ်တယ်။ မန်ယူနဲ့ ဘာစီလိုနာတို့အတွက်ကျတော့ အဝေးကွင်းမှာ အရှုံးမရှိရအောင် ဂရုစိုက်ပြီး ပြိုင်ဘက်တွေကို ရင်ဆိုင်ရမှာဖြစ်နေပြန်ပါတယ်။ ချန်ပီယံလိဂ် ချန်ပီယံဖြစ်ခဲ့ဖူးတဲ့ မန်ယူနဲ့ ဘာစီလိုနာဟာ အာဆင်နယ်နဲ့ ချယ်လ်ဆီးကို ဘယ်လိုမျိုး ရင်ဆိုင်မလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပြီလို့ ဆိုရပါလိမ့်မယ်။

အာဆင်နယ် - မန်ယူ

ပထမအကျော့မှာ မန်ယူက အိုရှေးရဲ့ ဂိုးတစ်ဂိုးတည်းနဲ့ အနိုင်ရလိုက်ခဲ့လို့ အခြေအနေကောင်းသွားတယ်။ ဒါပေမယ့် မန်ယူဟာ အာဆင်နယ်မြေပေါ်မှာ ကစားရဖို့ရှိနေတော့ ပထမအကျော့မှာ ရထားတဲ့ အနိုင်ဂိုးကိုပဲ ပါမသွားအောင်လို့ ထပ်မံပြီး ရှန်းရတော့မှာပါ။ အာဆင်နယ်အနေနဲ့ကလည်း အမ်းမရိတ်မှာ အိမ်ကွင်းအားသာချက်ကို အမိအရယူပြီး ပထမအကျော့မှာ ရှုံးထားတဲ့အရှုံးကို ပြန်ချေပဖို့အတွက်က လုပ်ရတော့မှာပါ။ သူတို့မှာလည်း မျှော်လင့်စရာဆိုလို့ ချန်ပီယံလိဂ်ဖလားပဲ ရှိပါတော့တယ်။ မန်ယူကို အခက်တွေ့အောင် လက်ကျန်ဆုဖလားလမ်းကြောင်းပေါ်ကနေ လွင့်ထွက်သွားအောင်လို့ အာဆင်နယ် လုပ်ရတော့မှာပါ။ ပထမအကျော့မှာ အာဆင်နယ်ဟာ ကစားပုံသပ်ရပ်တဲ့အပြင် မန်ယူရဲ့ ဖိအားပေးမှုကို တောက်လျှောက်ခံနေရတယ်။ မန်ယူကတော့ မနှစ်ကလိုပဲ အသာရပြီးတဲ့နောက်မှာ တစ်သင်းလုံးပိတ်ဆို့ပြီး ဂိုးမပေးရဖို့ကိုဘဲ လုပ်သွားမလားဆိုတာ စဉ်းစားချင်စရာပါ။ ဖာဂူဆန်က နဂိုကတည်းကမှ ခေါင်းထဲမှာ မန်ယူရဲ့ကစားကွက်ကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတာ တွေးနေတဲ့သူဆိုတော့ အာဆင်နယ်ရဲ့ ထိုးဖောက်မှုမှန်သမျှကို အမ်းမရိတ်မှာ အမိအရကာကွယ်မယ့်ပုံဖြစ်နေမှာ သေချာပါတယ်။

မန်ယူ

မန်ယူဟာ အာဆင်နယ်နဲ့ ၂၀၅ကြိမ် ဆုံထားပြီး ၈၃ပွဲ အသာရထားသလို ၄၅ ပွဲ သရေကျထားကာ ၇၇ပွဲ ရှုံးထားပါတယ်။ အဝေးကွင်းမှာ မန်ယူအနေနဲ့ အာဆင်နယ်ကွင်းမှာတော့ နောက်ဆုံး ၁၀နှစ်အတွင်းမှာ အသာရတာက နည်းလွန်းလှပါတယ်။ အမြင့်ဆုံးသရေပွဲတွေကသာ များနေတာပါ။ ဒီနှစ် အာဆင်နယ်မြေပေါ်မှာ ဆုံတွေ့ခဲ့တဲ့ ပရီမီယာလိဂ်ပွဲမှာတော့ မန်ယူဟာ ၂-၁ နဲ့ ရှုံးနိမ့်ထားပါတယ်၊ နေရာမတူတဲ့အတွက်၊ ပြိုင်ပွဲမတူတဲ့အတွက် မန်ယူဟာ ဖောင်ဖျက်တိုက်ပွဲဝင်လာမယ့် အာဆင်နယ်ကို ယှဉ်ဖို့ဆိုတာ လွယ်ပါ့မလား။ အရင်ကလိုပဲ အနိုင်ပွဲပါမသွားအောင် ပိတ်ဆို့ကစားပြမှာလား၊ စိတ်ဓာတ်ကောင်းနဲ့ပဲ ခြေရည်တူယှဉ်မှာလားဆိုတာ စောင့်ကြည့်ရမှာပါ။ ကစားသမားအပိုင်းမှာ နှစ်သင်းစလုံးဟာ တစ်သင်းနဲ့တစ်သင်း ခြေစွမ်းပိုင်း ကွာခြားမှုသိပ်မရှိပေမယ့် အဆုံးသတ်တဲ့ အပိုင်းမျိုးမှာတော့ မန်ယူကသာနေတယ်။ ဒါကြောင့် မန်ယူအနေနဲ့ ဂရုစိုက်ပြီး အာဆင်နယ်ကို ကစားမှာပါ။ အာဆင်နယ်ကလည်း မန်ယူရဲ့ ဗျူဟာတွေကို မရမက ချိုးဖျက်ပစ်ရတော့မှာဆိုတော့ အသင်းမှာ လူစုံပါမှဖြစ်မှာပါ။ လူစုံမပါရင် မလွယ်ဘူးဆိုရပါလိမ့်မယ်။ လူမစုံရင် ခြေစွမ်းမထက်တတ်တဲ့ အာဆင်နယ်ရဲ့ အားနည်းချက်ဟာ မန်ယူအတွက် အားကိုးစရာအချက်ဖြစ်နေရင်တော့ ဝင်းဂါးရဲ့ အိပ်မက်တွေ ပျက်ပြယ်သွားနိုင်ပါတယ်။

အာဆင်နယ်

အာဆင်နယ်အနေနဲ့ကလည်း ပထမအကျော့မှာ မပါဝင်နိုင်တဲ့ ကစားသမားတွေ ပြန်ပါလာရင် မန်ယူကို အမ်းမရိတ်မှာယှဉ်ဖို့ မခက်လောက်ပါဘူး။ နာဆရီ၊ ဖာဘရီဂက်စ်၊ ဝဲလ်ကော့နဲ့ ဗန်ပါစီတို့ဟာ အဒီဘာယော ဂိုးရရေးအတွက် အားထားရသူတွေပါ၊ အာရှာဗင်မပါတာနဲ့ကတော့ အိမ်ကွင်းမှာ အခြေမပျက်လောက်ပါဘူး။ ဂါးလက်စ်ကတော့ ရာသီကုန်ထိ နားရလို့ မြင်ရဖွယ်မရှိပေမယ့် တိုရေး၊ ဆက်ဂ်ညာ၊ ဆီဗက်စတာနဲ့ ဂစ်ဘ် တို့ဟာ အသင်းအတွက် အသုံးဝင်ဆဲပါပဲ၊ ဒါကြောင့် အာဆင်နယ်ဟာ လူစုံလာဖွယ်ရှိနေပြီး မန်ယူကို အမ်းမရိတ်မှာ အခက်တွေ့အောင်လုပ်ဖို့က မခက်လှပါဘူး။ တစ်ချက်ရှိတာက အာဆင်နယ်အနေနဲ့ အခုရင်ဆိုင်ရတာက ဗီလာရီးယဲလ်လို မဟုတ်တဲ့ အသင်းဖြစ်နေတာကိုပါ။ ရိုးမားနဲ့တုန်းက ကံကောင်းမှုရှိခဲ့ပြီး ပယ်နယ်တီနဲ့ အနိုင်ရခဲ့သလို အခုမန်ယူနဲ့ပွဲမှာလည်း ပယ်နယ်တီရှောင်ပြီး မိနစ်၉၀အတွင်း အသာရအောင်လုပ်ဖို့ ကြိုးစားရပါပြီ၊ ပယ်နယ်တီအထိဆိုရင်တော့ အာဆင်နယ်မလွယ်ဘူး။ မန်ယူဂိုးသမားက ပိုပြီးအတွေ့အကြုံရင့်ကျက်လို့ဖြစ်ပါတယ်။ လူငယ်တွေအစွမ်းနဲ့ပဲ အာဆင်နယ်ဟာ အိမ်ကွင်းမှာ မန်ယူကို ယှဉ်ရတော့မှာပါ။ အတွေ့အကြုံအားနည်းနေပေမယ့် ပြည်တွင်းပွဲတွေမှာ ကစားထားဖူးတဲ့အရှိန်နဲ့ ယှဉ်ရမှာဖြစ်နေတော့ အာဆင်နယ်အတွက်အသာရဖို့ အခွင့်အလမ်းတွေ ရှိလာနိုင်ပါတယ်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဖြစ် မန်ယူ-အာဆင်နယ် ပထမအကျော့ပွဲစဉ်တွင် မန်ယူအသင်းမှ ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။
(အဆိုပါပွဲတွင် မန်ယူအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။)

သုံးသပ်ချက်

ဒါပေမယ့် အာဆင်နယ်ဟာ အိမ်ကွင်းတိုက်စစ်ထက်မြက်ဖို့တော့ လိုအပ်တယ်။ တရစပ်ဖိအားပေးနိုင်တဲ့အသင်းဆိုပေမယ့်လည်း မန်ယူရဲ့တန်ပြန်တိုက်စစ်ကိုတော့ သတိထားရပါလိမ့်မယ်၊ သတိမထားမိနိုင်ခဲ့ရင်တော့ ခက်မယ်။ မန်ယူဟာ ဒီလိုအဆင့်တွေမှာ အတွေ့အကြုံရင့်ကျက်နေပြီဆိုတော့ အာဆင်နယ်ရဲ့အားနည်းချက်ကိုသာ စောင့်ပြီး အသာရဖို့လုပ်မှာပါ။ အာဆင်နယ်အနေနဲ့ ဒီပွဲမှာ မန်ယူကိုယှဉ်နိုင်တဲ့ အဖြေက သရေမျှပါပဲ။ ဒီပွဲမှာ မန်ယူကိုပဲ သဘောကျမိပါတယ်။

ချယ်လ်ဆီး - ဘာစီလိုနာ

ပထမအကျော့မှာ ချယ်လ်ဆီးဟာ အနိုင်ရဖို့ အခွင့်သာပါလျက်နဲ့ ဂိုးမရခဲ့ပါဘူး။ ဘာစီလိုနာလည်း ချယ်လ်ဆီးလိုပါပဲ။ ဒါကြောင့် နှစ်သင်းစလုံးဟာ ဂိုးမရှိသရေနဲ့ ပွဲသိမ်းခဲ့တာပါ။ အခုတော့ ဘာစီလိုနာဟာ အဝေးကွင်းကို ဂိုးမပေးရဘဲ သရေကျခွင့်နဲ့ အနိုင်ကစားနိုင်ခွင့်ရဖို့ လုပ်ရပါလိမ့်မယ်။ ဘာစီလိုနာအတွက်ကတော့ ၁-၁ သရေနဲ့ အနိုင်ပွဲရဖို့ မျှော်လင့်ပြီးတော့ ချယ်လ်ဆီးကို အမိအရတိုက်ရမှာပါ။ ချယ်လ်ဆီးအနေနဲ့ ဘာစီလိုနာကို ဂိုးတစ်ဂိုးမှပေးလို့မရတဲ့ အနေအထားဖြစ်နေတဲ့အတွက် အဖွင့်ဂိုးရော ချေပဂိုးပါ မပေးရဖို့ ကြိုးစားရမယ်၊ ချယ်လ်ဆီးဟာ ဘာစီလိုနာနဲ့ လေးကြိမ်ဆုံခဲ့ဖူးပြီး လေးကြိမ်မှာ တစ်ပွဲပဲ ချယ်လ်ဆီးရှုံးထားတယ်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဖြစ် ဘာစီလိုနာ-ချယ်လ်ဆီး ပထမအကျော့ပွဲစဉ်တွင် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဂ်ဘာ ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားနေစဉ်။
(အဆိုပါပွဲ၌ နှစ်သင်းစလုံး ဂိုးမရှိ သရေကျခဲ့သည်။)

သတိနဲ့ယှဉ်ကစား

၂၀၀၅-၂၀၀၆ ဘောလုံးရာသီရဲ့ ရှုံးထွက်အဆင့်မှာ ၁-၂ နဲ့ ရှုံးထားတာပါ။ အဲဒီတုန်းက မက်ဆီကို ထိန်းချုပ်ရင်းနဲ့ ဒဲလ်ဟော်နိုဟာ အနီကတ်နဲ့ထွက်ခဲ့ရပြီး ၁၀ ယောက်တည်းနဲ့ ဘာစီလိုနာကို ယှဉ်ခဲ့ရတာပါ။ ဘာစီလိုနာဘက်က ချယ်လ်ဆီးကို ဂိုးသွင်းယူခဲ့တဲ့ အနိုင်ဂိုးရှင်ဟာ အီတူးပါ။ သူဟာ အခုပွဲမှာ စောင့်ကြည့်ဖို့ကောင်းနေတဲ့သူပါ။ အလွတ်ပေးလို့မရပါဘူး။ ချယ်လ်ဆီးအနေနဲ့ ဘာစီလိုနာကို သေချာချုပ်ပြီး ကစားရမှာပါ။ အထူးသဖြင့် တန်ပြန်တိုက်စစ်အပေါ်မှာ အားထည့်ပြီး ကစားမယ့် ဘာစီလိုနာအနေနဲ့ ချယ်လ်ဆီးရဲ့ခံစစ်ကို ခက်ခက်ခဲခဲနဲ့ ထိုးဖောက်ရဖွယ် ရှိနေသေးတယ်။ ချယ်လ်ဆီးကတော့ ကာဗယ်လ်လီယို မပါနိုင်လည်း ပြဿနာမရှိဘူး။ အဲလက်စ်တို့ ရှိနေသေးတယ်။ ချယ်လ်ဆီးကလည်း ပွဲအစပွဲအဆုံး ဒရော့ဂ်ဘာတို့လို ကစားသမားတွေအစွမ်းနဲ့ ၄-၅-၁ ပုံစံထဲမှာ ဂိုးရအောင်လုပ်ယူမှာပါ။ ဒရော့ဂ်ဘာရဲ့ ရှန်းအားနဲ့ တိုးအားကလည်း အစွမ်းထက်တော့ မားကွက်ဇ်မပါတဲ့ ဘာစီလိုနာ နောက်တန်းအတွက် အခက်ကြုံချင်စရာပါပဲ။ သတိနဲ့ယှဉ်ကစားရမယ့်ပွဲမှာ ဘာစီလိုနာရဲ့ မက်ဆီတစ်ယောက် ကြီးကြီးကျယ်ကျယ်နဲ့ ဒဏ်ရာမရဖို့ လိုနေတယ်။

အရှုံးတွေ့နိုင်

သုံးသပ်မိတဲ့ပုံအရတော့ နှစ်သင်းစလုံးဟာ အကြိတ်အနယ်နဲ့ ကစားရမှာဖြစ်နေပြီး အိမ်ကွင်းမာတဲ့ ချယ်လ်ဆီးဟာ ဘာစီလိုနာကို ပိုပြီးဖိအားပေးနိုင်မှာပါ။ နောက်တစ်ချက်က ကြံ့ခိုင်မှုအပိုင်းမှာလည်း ချယ်လ်ဆီးကသာ အသာရနေလို့ တကယ်တမ်းယှဉ်ရင် ဘာစီလိုနာ ခံရနိုင်ပါသေးတယ်။ မက်ဆီကို ချုပ်ထားမိလို့ကတော့ ဘာစီလိုနာအနေနဲ့ ဘာမှလုပ်လို့ရမှာမဟုတ်ဘူး။ ဒါကြောင့် ဒီပွဲမှာ ချယ်လ်ဆီးရဲ့အစဉ်အလာနဲ့ ရှန်းအားတို့ကြောင့် အရှုံးတွေ့နိုင်တဲ့ ဘာစီလိုနာကို ခဏမေ့ထားလိုက်ကြရအောင်ပါ။ ॥

(မြန်မာ့အလင်း)

မရမ်းကုန်း အမှတ်(၃)ရပ်ကွက်

လူထုအခြေပြု ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြီးမှူးကျင်းပသော လူထုအခြေပြု ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေး(ဆင့်ပွား)သင်တန်းကို မေ ၃ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်း အောင်ဓမ္မာရုံကြီးတွင်ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန ညွှန်ကြားရေးမှူး ဦးအောင်သောင်းရွှေ **(အောက်ပုံ)**၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ကြက်ခြေနီအတွင်းရေးမှူး ဒေါက်တာဒေါ်အေးအေးမျိုးတို့က တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းပို့ချ

သင်တန်းကို သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြ၍ သင်တန်းကာလမှာ မေ ၃ ရက်မှ မေ ၇ရက်အထိဖြစ်ပြီး မြို့နယ်ကြက်ခြေနီအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်မြင့်က သင်တန်းကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်လျက် မြို့နယ်ဦးစီးအရာရှိများ၊ တာဝန်ရှိသူများက ဘာသာရပ်အလိုက် သင်တန်းပို့ချသွားမည်ဖြစ်သည်။

(၁၁၁)

မော်လမြိုင်၌ ကျေးရွာပိုင် သစ်တောစိုက်ခင်းစိုက်ပျိုးမှု နည်းစနစ်ရှင်းလင်း

ရန်ကုန် မေ ၄

သစ်တောရေးရာဝန်ကြီးဌာန၏ လုပ်ငန်းညွှန်ကြားချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၀၉ ခုနှစ် မိုးရာသီ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာယူကလစ်ပင် အပင်၂၀နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧက စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ စိုက်ပျိုးသွားမည့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား စိုက်ပျိုးမှုဆိုင်ရာ နည်းစနစ်ရှင်းလင်းပွဲကို ဧပြီ ၂၃ရက်က မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ သစ်တောစိုက်ခင်း၌ ကျင်းပသည်။

ရှင်းလင်းပြသ

အခမ်းအနားတွင် သစ်တောဦးစီးဌာနမှ မော်လမြိုင်နှင့် သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်က စမ်းကြီး၊ ကြာအင်း၊ နောင်ခရီ၊ ရိုးဂိုးနှင့် ဖားအောက်ကျေးရွာတို့၌ ကျေးရွာပိုင် သစ်တောစိုက်ခင်း ပန္နက်ရိုက်ခြင်း၊ ကျင်းတူးခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြသသည်။ **(ယာပုံ)**

လေ့လာ

သစ်တောဦးစီးဌာနမှ မော်လမြိုင်နှင့် သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်က သစ်တောဦးစီးဌာနမှ ပျိုးထောင်ထားရှိသော ယူကလစ်ပျိုးပင်များ ဖြစ်ထွန်းမှုကို လိုက်လံပြသရာ စိုက်ပျိုးသွားမည့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

5-5 (11).pmd 1 5/5/2009, 2:17 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဥဇ္ဇတော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြန်မာ့ရုပ်မြင်သံကြား

၅-၅-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈း၁၅ ၇။ **ကြိုတင်ပြင်ဆင် ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင် မွေးမိခင်** ထွန်းထွန်းဝင်း၊ ဖိုးသောကြာ၊ မေသန်းနု၊ ပပဝင်းခင်၊ ဝင့်နန္ဒာဖြိုး (ဒါရိုက်တာအောင်မိုး-ပဲရစ်)
၈း၃၀ ၈။ တေးဂီတအစီအစဉ်
၈း၄၅ ၉။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (အင်္ဂလိပ်စာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၇။ တေးဂီတအစီအစဉ်
၅း၁၅ ၈။ **စည်းကမ်းလိုက်နာ ဘေးကင်းကွာ** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မေ့စ်၊ လင်းဇာနည်ဇော်၊ ပွင့် ဒါရိုက်တာ-ခင်ဇော်မြင့်စိုး (ဝ/သ ရန်ကုန်)
၅း၃၀ ၉။ တေးဂီတအစီအစဉ်
၅း၄၅ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၅ ၁၄။ ဆိုလိုက်ကြစို့
၇း၂၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမက်အလိုရှိသည်** (အပိုင်း-၂)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၁၃)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၄

ဒေါက်တာအောင်ခင်ဆင့်၏ ဝက်တုပ်ကွေးမှလူတုပ်ကွေးသို့ သတင်းဆောင်းပါး ပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၇၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် စစ်တွေ-အမ်း မီးရထားလမ်း ပြေးဆွဲရန် စက်ခေါင်းများ စစ်တွေသို့ရောက်ရှိ၊ ကွန်တိန်နာသယ်ယူနိုင်သည့် ယာဉ်အရေအတွက် နည်းပါးနေသေး၊ မန္တလေး-ရန်ကုန်ပြေးဆွဲသော ၁၀ဘီး ကုန်တင်ကားတစ်စီးအတွက် ကတ္တားခမှာ အနည်းဆုံး ကျပ်၉၀၀၀၀ ရှိ၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့အကြီးဆုံး ပန်းပုပြတိုက်ထူထောင်မည်၊ မလေးရှားနိုင်ငံ၏ အခွန်ငွေ တိုးမြှင့်ကောက်ခံမှုကြောင့် နိုင်ငံခြားသား အလုပ်သမားများထိခိုက်၊ ဝက်တုပ်ကွေးရောဂါအတွက် ရန်ကုန်ဆေးရုံကြီးနှင့် ဝေဘာဂီဆေးရုံကြီးတွင် ပြင်ဆင်ထား၊ နာဂစ်မုန်တိုင်းကို လေ့လာ၍ အမေရိကန် NASA အဖွဲ့က အနာဂတ်ကာလတွင် တိုက်ခတ်လာနိုင်မည့် ဆိုင်ကလုန်းမုန်တိုင်းလမ်းကြောင်းအား ကြိုတင်ခန့်မှန်း နည်းစနစ် တီထွင်၊ လပွတ္တာတွင် အိမ်ခြံမြေ ဈေးကောင်း၊ ၂၀၀၉ခုနှစ်အတွင်း မြန်မာရွှေဈေးကွက်အတွင်း ရွှေဈေး အဆမျာ်းစွာ မြင့်တက်သွားရန် မရှိဟု သုံးသပ်၊ မိခင်သေဆုံးသော ဆိတ်ကလေး လူနို့စို့၍ အသက်ရှင်၊ သကြၤန်မဏ္ဍပ်များကြောင့် ပျက်စီးခဲ့သော သစ်ပင်များအတွက် လျော်ကြေးငွေ ကောက်ခံသင့်၊ တရုတ်နယ်စပ်က Artesunate ဆေးအတုကြောင့် ငှက်ဖျားဖြစ်သူတွေ ဒုက္ခရောက်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် LED ဘက်ထရီများရောင်းချ၊ ရန်ကုန်၊ မန္တလေးမြို့များကိုအခြေပြု၍ အင်အားပြင်းငလျင်တိုင်းတာရေး ကွန်ရက်စီစဉ်၊ အမ်းမြို့အနီး ပေ ၃၀၀ ကျော် ချောက်ထဲထိုးကျခဲ့သည့် ဘုရားဖူးကား၊ ပရီမီယံကြေးကြောင့် သေဆုံးသူခရီးသည်များ အာမခံကြေးရရှိ၊ Pro ဘောလုံးပွဲများကို စနေ၊ တနင်္ဂနွေများတွင် MRTV မှ ပုံမှန်ကြည့်ရမည်ဟုဆို၊ မြန်မာနိုင်ငံ ရေအားလျှပ်စစ်စီမံကိန်း အိန္ဒိယကုမ္ပဏီ NHPC နှင့် ပူးပေါင်းဆောင်ရွက်မည်၊ ဒေါက်တာအောင်သိန်းဌေး၏ ပြီးခဲ့သောသကြၤန်မှ ကြေကွဲဖွယ်ရာများ၊ မလေးရှားကို ကျောက်သွားရောင်းမယ်ဆို သတိထား၊ ကုန်သေတ္တာငှားရမ်းခ ဈေးနှုန်းအတက်အကျ မြန်ဆန်၍ ပို့ကုန်လုပ်ငန်းရှင်အချို့ အခက်အခဲကြုံတွေ့နေရ၊ နယ်သာလန်(ဒတ်ချ်) ဘုရင်မကြီးကိုလုပ်ကြံသည့် ကားမောင်းသူ လူရမ်းကား၊ မြန်မာ-အိန္ဒိယနယ်စပ် ဆွပ်ပရာနှင့် ပန်ဆက်တွင် နယ်စပ်ဈေးများဖွင့်လှစ်မည်၊ ရုရှား၏ နျူကလီးယား ခရုစ်ဒုံးပျံတင် Kursk ကို အမေရိကန်တို့ နစ်မြုပ်ခဲ့တာလား၊ အီရန်သမ္မတအား အဆိပ်ဘောလ်ပင်ဖြင့်လုပ်ကြံခံရမည်ဟုသတိပေး၊ နောက်တစ်ကြိမ် အစ္စရေးကျူးကျော်မှု ဟစ်ဇ်ဘိုလာသတိပေး စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ **(သတင်းစဉ်)**

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပမည်

ရန်ကုန် မေ ၄

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ နှစ်ပတ်လည်နေ့ အခမ်းအနားနှင့်အတူ မသန်စွမ်းသူ ညီအစ်ကိုမောင်နှမများတွေ့ဆုံပွဲကို မေ ၈ ရက် (ကဆုန်လပြည့်နေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၁လမ်းထောင့်ရှိ Central Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး မန္တလေးတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၉ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ၁ဒသမ ၅၈လက်မ၊ မန္တလေးမြို့တွင် ၂ဒသမ ၆၀လက်မ၊ စစ်ကိုင်းမြို့တွင် ၂ဒသမ ၃၃လက်မ၊ သံတွဲမြို့တွင် ၁ဒသမ ၉၇လက်မ၊ ထားဝယ်မြို့တွင် ၁ဒသမ ၈၁လက်မနှင့် ပြင်ဦးလွင်မြို့နှင့် တောင်ကုတ်မြို့တို့တွင် ၁ဒသမ ၅၇လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၅ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ထူးခြားသည့် နေ့အပူချိန်

(၄-၅-၂၀၀၉)

အောင်လံ	၄၀ ဒီဂရီစင်တီဂရိတ်
ပြည်	၄၀ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်

(၄-၅-၂၀၀၉)

နေပြည်တော်	၁ ဒသမ ၅၈ လက်မ
မန္တလေး	၂ ဒသမ ၆၀ လက်မ
စစ်ကိုင်း	၂ ဒသမ ၃၃ လက်မ
သံတွဲ	၁ ဒသမ ၉၇ လက်မ
ထားဝယ်	၁ ဒသမ ၈၁ လက်မ
ပြင်ဦးလွင်	၁ ဒသမ ၅၇ လက်မ

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၄

ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၆၆၄ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ပြည်သူ့ဥယျာဉ်ကို နိုင်ငံတကာအဆင့် အပန်းဖြေနေရာအဖြစ် တိုးမြှင့်မည်၊ ပြည်ပသို့ ရော်ဘာတင်ပို့မှု ပြန်လည်ဦးမော့လာ၊ မြန်မာ့အကောင်းဆုံး အားကစားသမားဆုများကို မကြာမီ ချီးမြှင့်မည်၊ မုန်တိုင်းအရေးပေါ်အခြေအနေ အရောင်ငါးမျိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပထမဆုံးအကြိမ် ခေတ်သုံးခေတ် ပန်းချီဆရာတို့၏ ပန်းချီပြပွဲ၊ ယခုလအတွင်း မြန်မာလုပ်သား ၁၅၇ဦးကို ကိုရီးယားသို့ စေလွှတ်မည်၊ မြောက်ဥက္ကလာပရှိ လူငါးထောင်ကျော်အား ဝမ်းရောဂါဖြစ်ပွားမှုကို နှစ်နှစ် ကြိုတင်ကာကွယ်နိုင်သောဆေး အခမဲ့တိုက်၊ လက်ဖက်ပြီးတော့ ငါးပိ၊ လူတွင်ဖြစ်ပွားသည့် ဝက်တုပ်ကွေးရောဂါကို ကပ်ရောဂါဖြစ်ပွားမှု အဆင့် ၅ အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုးမြှင့်သတ်မှတ်၊ သနပ်ခါးတုံးများတွင် ဓာတုဆိုးဆေးများ အသုံးပြုရောင်းချခြင်းများရှိနိုင်၊ မြန်မာနိုင်ငံ၏ ဈေးအမြင့်ဆုံး ဘောလုံးသမား၊ ဖိလစ်ပိုင်အခြေစိုက် လေယာဉ်မောင်းသင်တန်းကျောင်းတွင် မြန်မာနိုင်ငံမှ တက်ရောက်နိုင်ပြီ၊ အက်ရှ်လေကိုး၏ ဇနီး ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးအဖြစ် ရွေးချယ်ခံရ၊ ဘင်လာဒင် လောကကြီးမှာ မရှိလောက်တော့ဟု ပါကစ္စတန်သမ္မတကပြော၊ အန္တာတိက၌ နယူးယောက်မြို့ တစ်မြို့စာရှိသော ရေခဲတုံးကြီးပြိုကျ၊ စီးကရက်စွဲနေသော စာကလေးကြောင့် ဆိုင်မီးလောင်ပြီး ဒေါ်လာငါးသိန်းဖိုး ဆုံးရှုံး၊ စီဒီအတွင်းရှိ စာအုပ်များကို ငါးမိနစ်အတွင်း ချက်ချင်းရိုက်နှိပ် ရောင်းချပေးနိုင်သည့်ပုံနှိပ်စက် တီထွင်၊ ဗီယက်နမ်နိုင်ငံတွင် ကမ္ဘာ့အကြီးဆုံး ဂူလမ်းကြောင်းကြီးတွေ့ရှိ၊ တမီးလ်ကျားခေါင်းဆောင်က လက်လုပ်ရေငုပ်သင်္ဘောဖြင့်ထွက်ပြေးရန်ကြံ၊ သုံးပေခွဲကျော်ရှည်သည့် ဧရာမကင်းလိပ်ချောကြီး တွေ့ရှိ၊ ကနေဒါ၌ ဝက်များတွင် H_1N_1 ဗိုင်းရပ်စ်ပိုးကူးစက်နေ၊ အမေ့အလောင်းကို ဖက်တွယ်ပြီး ရေနစ်သူသားငယ် အသက်ရှင်ခဲ့ရ အပါအဝင် စိတ်ဝင်စားဖွယ် သတင်းများ၊ နာဂစ် တစ်နှစ်ပြည့် အထူးဆောင်းပါးများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံ အပြင် **"လူတွင်ဖြစ်ပွားသည့် ဝက်တုပ်ကွေးရောဂါ အထူးကဏ္ဍ"** အပါအဝင် စာမျက်နှာ ရှစ်မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်း တိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၄)ကြိမ်မြောက် အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၄

မြန်မာ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း (၁၄)ကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေးကို မေ ၃ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း MWEA Tower ရှိ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(ယာပုံ)**

အတည်ပြု

ထို့နောက် အတွင်းရေးမှူး ဒေါ်လှဝတီက ၂၀၀၉-၂၀၁၁ခုနှစ်အတွက် ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်)၊ အတွင်းရေးမှူး ဒေါ်လှဝတီတို့ပါဝင်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၅၀ တို့၏ အမည်စာရင်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက် ရယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကောင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မိုးကောင်း ဧပြီ ၃၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမာန်ငိုင်းသည် ဧပြီ ၂၆ရက်က မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မွန်းလွဲ ၁နာရီခွဲတွင် မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အကျယ်တဝင့်ဆွေးနွေး

အစည်းအဝေးတွင် ခရိုင်ဦးစီးအရာရှိ ဦးမာန်ငိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ဦးစီးဌာနမှ ချမှတ်ပေးထားသည့် ရည်မှန်းချက် (၁၁)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ မြို့နယ်ရုံးစာကြည့်တိုက်လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်စေရန် စီမံကြိုးပမ်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ကျင်းပ

ခရိုင်ဦးစီးအရာရှိသည် အလားတူ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ဧပြီ ၂၄ရက်တွင် ဖားကန့်မြို့နယ်ရုံး၌လည်းကောင်း၊ ဧပြီ ၂၅ရက်တွင် ကာမိုင်းမြို့ရုံး၌လည်းကောင်း အသီးသီးကျင်းပခဲ့ကြောင်း သိရသည်။ (၀၀၁)

ကတ္တရာခင်း

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် မြို့ပြလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ရက်က ဗိုလ်ချုပ်ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လွယ်ဂျယ်စည်ပင် ကတ္တရာထပ်ပိုးလွှာခင်း

ဗန်းမော် ဧပြီ ၃၀

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အမှတ်(၁၉)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ဧပြီ ၅ရက်က လာရောက်စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဟသ်ာတ ပြန်/ဆက် ဝန်ထမ်းများ စာဖတ်ဝိုင်းဆွေးနွေး

ဟသ်ာတ ဧပြီ ၂၅

ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးဝန်ထမ်းများ၏ အစီအစဉ်ဖြင့် စာကြည့်တိုက်အသင်းဝင်များ၊ စာဖတ်ပရိသတ်များ ပါဝင်သည့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဧပြီ ၁၀ရက် နံနက် ၁၀ နာရီက ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးမြင့်သိန်းက စာဖတ်ဝိုင်း ကျင်းပရခြင်းကို ရှင်းလင်းဆွေးနွေးပြီး ရုပ်သံကျွမ်းကျင်(၃) ဒေါ်လွဲ့လွဲ့အေးက ကြေးမုံသတင်းစာပါ လယ်တွင်းသားစောချစ်ရေးသားသည့် အသိပညာတိုးပွားရေး စာကြည့်တိုက်များ တိုးမြှင့်ထူထောင် ဆောင်းပါးကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်သန်းသန်းအေးက မြန်မာ့အလင်းသတင်းစာပါ နှင်းဦးခင်ရေးသားသည့် စာပေစိုက်ပျိုး ဒါနမိုး တိုးလျက်ရှာစေခြင်းဆောင်းပါးကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးမြင့်သိန်းနှင့် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ညွန့်တို့က သတင်းစာပါ ဆောင်းပါး၏ အနှစ်သာရများကို ထုတ်နုတ်ဆွေးနွေးပြီး စာဖတ်သူများနှင့် အပြန်အလှန် သိရှိနားလည်မှုများ ဆွေးနွေးကာ အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ထူထောင်ရေး ဆွေးနွေးကြကြောင်း သိရသည်။ (၁၇၇)

ဆီဆိုင်မြို့နယ်၌ အလင်းရောင်စာကြည့်တိုက်ဖွင့် စာအုပ်နှင့် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်း

ဆီဆိုင် ဧပြီ ၂၀

ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ထီရော့ကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ရီရီမေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်များက စာအုပ်နှင့်ငွေပဒေသာပင်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးသတိပြု

ဖေဖော်ဝါရီ ၇ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက်၌ ၂၀၀၉ ခုနှစ် ဒုတိယအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးစဉ်။ (၀၉၀)

မြို့နယ် သတင်းများ

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) **မီးမလောင်မီ(ပြည်သူတို့၏ တာဝန်)**

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှလည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှလည်းကောင်း တရားဝင် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊

(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊

(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊

(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊

(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင်စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊

(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေးကိရိယာကို အသင့်ထားရှိရန်၊

(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှ ကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်၊

(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊

(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်းပံ့ပိုးပေးရန်။

(ခ) **မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)**

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊

(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြိမ်းသတ်ရေး နည်းလမ်းအရ ရေပုံးများဖြင့်လည်းကောင်း၊ ရရာပစ္စည်းများဖြင့်လည်းကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ရန်၊

(၃) မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ်စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာများသို့ ညွှန်ပြရန်၊

(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့ လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြိမ်းသတ်ပေးရန်၊

(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့်မနေဘဲ ကူညီငြိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေးကြရန်။

မီးသတ်ဦးစီးဌာန

ဟုမ္မလင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ စာဖတ်ပြိုင်ပွဲ ကျင်းပ

ဟုမ္မလင်း ဧပြီ ၂၂

ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ခန်း၌ ဧပြီ ၉ရက် မွန်းလွဲ ၂နာရီက ဝန်ထမ်းများ စာဖတ်ပြိုင်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းသည်။

ဆွေးနွေး

ထို့နောက် မတ် ၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဒေါက်တာရွှေပြည်စိုး(ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန)၏ သုံးရောင်ခြယ်အလံတော်ကြီး ကမ္ဘည်းနှင့်စိုက်ထူဆောင်းပါးကို စာကြည့်တိုက်မှူး ဒေါ်နန်းမခ္ခာအေးကလည်းကောင်း၊ မတ် ၂၉ရက်ထုတ်သတင်းစာပါ ဆောင်းပါးရှင် ကြယ်စင်နိုင်၏ သမိုင်းပေးတာဝန် ကျေပွန်သော တပ်မတော် ဆောင်းပါးကို ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းထွေးအောင်ကလည်းကောင်း၊ ဧပြီ၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ လယ်တွင်းသားစောချစ်၏ အသိပညာတိုးပွားရေး ကျေးရွာစာကြည့်တိုက်များ တိုးမြှင့်ထူထောင်ဆောင်းပါးကို ရုံးအကူ ဒေါ်နှင်းနှင်းမြကလည်းကောင်း ဖတ်ကြားရာ မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က ပြန်လည်သုံးသပ်ဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် မြို့နယ်အတွင်းရေးမှူးဦးမျိုးသူတို့ မတ် ၁၅ရက်က ရွှေလီမြစ်အနောက်ဘက်ကမ်း ကျေးရွာများဖြစ်သော အရှည်ပေ ၂၆၀၀ရှိသည့် ကွန်ဟိုင်းကျေးရွာနှင့် နောင်ခမ်းကျေးရွာ ဆက်သွယ်သော မြေသားလမ်းဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ ဦးစိုင်းကျော်ဟန်ထူးက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

စိုက်ရေး၊ ပျိုးရေး လုပ်ငန်းများ ညှိနှိုင်းစည်းဝေး

မြင်းခြံ ဧပြီ ၂၂

မြင်းခြံခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီလုပ်ငန်း ညှိနှိုင်းစည်းဝေးကို ဧပြီ ၆ရက်က မြင်းခြံခရိုင် စုပေါင်းရုံး၌ ကျင်းပရာ မြင်းခြံခရိုင်ဥက္ကဋ္ဌ ဦးလှမိုး၊ ခရိုင်အတွင်းရေးမှူး ဦးဝင်းရွှေနှင့် မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ကျောက်ပန်းတောင်းနှင့် ငါန်းဇွန်မြို့နယ်များမှ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ တက်ရောက်ကြပြီး အခမ်းအနားတွင် နွေစပါးစိုက်ပျိုးပြီးစီးမှု၊ ပေါင်းစည်းလယ်ယာ အကောင်အထည်ဖော်မှုနှင့် ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုများကို မြင်းခြံခရိုင် ငါးမြို့နယ်မှ တင်ပြကြပြီး စိုက်ရေး၊ပျိုးရေး လုပ်ငန်းများ ညှိနှိုင်းကြကြောင်း သိရသည်။
(ဝ၉၂)

မြဝတီမြို့ အမှတ်(၃)ရပ်ကွက် သတိပဋ္ဌာန်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ကတ္တရာခင်းမှုကို မတ် ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာဦးငွေစိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစောဘကြည်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မန္တလေး၌ သက်ကြီးပူဇော်ပွဲကျင်းပ

မန္တလေး ဧပြီ ၂၄

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၉×၃၀လမ်းကြား ၈၁ လမ်းရှိ ရောမင်း (မန္တလေး) ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင် ရောင်းဝယ်ရေးကုမ္ပဏီမှ ဒေါက်တာကျော်လင်းဦး၊ ဒေါက်တာကြည်ကြည်မျိုးတို့အား အမှူးထား၍ ရောမင်းမိသားစု၏ ပထမအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၁၀နာရီက အဆိုပါ ကုမ္ပဏီရုံးခန်းမ၌ ကျင်းပရာ ကန်တော့ခံ အဘိုး အဘွား ၂၄ဦး၊ ကုမ္ပဏီ မန်နေဂျာ ဒေါ်ခမ်းယုဝေနှင့် တာဝန်ခံ ဝန်ထမ်းများ စုံညီစွာ တက်ရောက်ကြသည်။

လှူဒါန်းပူဇော်

ရှေးဦးစွာ အဘိုး အဘွားများအား ကုမ္ပဏီဝန်ထမ်းများမှ ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် သွေးပေါင်ချိန်ခြင်း လုပ်ငန်းများဆောင်ရွက်ကြပြီး အအေးများဖြင့် ဧည့်ခံကြသည်။ ထို့နောက် မန်နေဂျာ ဒေါ်ခမ်းယုဝေက ပထမအကြိမ် သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဘိုးအဘွားများအား မန်နေဂျာနှင့် ဝန်ထမ်းများက တစ်ဦးချင်းစီ လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကန်တော့ကြသည်။

ကျေးဇူးတင်စကား ပြောကြား

ထို့နောက် ကန်တော့ခံ အဘိုးအဘွားများကိုယ်စား အဘိုးဦးဖေသိန်းက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။
(ဝ၉ဝ)

မြို့နယ် သတင်းများ

တောင်တွင်းကြီးမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့် အလှူရှင်များက သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

တောင်တွင်းကြီး ဧပြီ ၁၅

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ တောင်တွင်းကြီးမြို့နယ် အောင်းစုအုပ်စု ကြက်မောက်ကျေးရွာ တက်လမ်းစာကြည့်တိုက်၊ ရေပြားကျေးရွာ ပညာတံခွန်စာကြည့်တိုက်၊ ပိန်းနဲပင်ကျေးရွာပညာအလင်းစာကြည့်တိုက်နှင့် ပင်ညွန့်ကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်များကို မတ် ၃၀ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးမောင်အုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဧရာဝတီ မြစ်ကမ်းနားလမ်းတွင် အရှည်ပေ ၂၅၀ မြေထိန်းကျောက်စီနံရံ ဆောင်ရွက်မှုကို မတ်၂၈ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်နှင့် လုပ်ငန်းတာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဖြိုးဝေလင်းတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

အခမ်းအနားတွင် အုပ်စုဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်း အတွင်းရေးမှူး ဦးဝင်းကျော်က စာပေထဲကဗဟုသုတကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး အလှူရှင် ၂၇ဦးတို့က ငွေကျပ်နှစ်သိန်း ခုနစ်ထောင်ခန့်တန်ဖိုးရှိ သုတ၊ ရသဂျာနယ်နှင့် မဂ္ဂဇင်းမျိုးစုံ အုပ်၉၂၀ကို ပေးအပ်လှူဒါန်းကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အလားတူ ပန်းသွင်းကြီးအုပ်စု ချောက်ကြားကျေးရွာ ပညာမဏ္ဍိုင်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဧပြီ ၄ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးဇော်ဌေးအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရယ်နှင့် ချောက်ကြားကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။
(မြို့နယ် ပြန်/ဆက်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဝိုင်းမော်မြို့နယ် စည်ပင် ရေနုတ်မြောင်းများတူးဖော်

ဝိုင်းမော် ဧပြီ ၃၀

ဝိုင်းမော်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဝိုင်းမော်မြို့ ရပ်ကွက်(၁)နှင့် ရပ်ကွက်(၂)၊မြို့တွင်းလမ်းဘေးဝဲယာတစ်လျှောက်တွင် ရေနုတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းကို ဧပြီ ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။
(မြို့နယ်စည်ပင်)

မိုးကြို ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေး

နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီ လလယ်မှ ဧပြီလကုန်အထိ လည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။
၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။
၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာ အဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။
၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။
၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့် အထက်ရှိသောမျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။
၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ (၃၊ ၄) နေလှန်းပြီးမှ စိုက်ပျိုးပါ။
၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ၊ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။
၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်း ပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။
၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဧပြီ ၅ရက်က ပျိုးခြံအတွင်း စုပေါင်း၍ ပေါင်းမြက်များရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးအေးမင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကာမိုင်းမြို့လှပရေး စုပေါင်းသန့်ရှင်း

ကာမိုင်း ဧပြီ ၃၀

ကာမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းဖြစ်သော မအူပင်စုရပ်ကွက်ရှိ ဦးအောင်ဇေယျလမ်း ကွန်ကရစ်တံတားထိပ်မှ လမ်းဘေးဝဲယာ တစ်လျှောက်ရှိအမှိုက်များရှင်းလင်းရန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများဖြင့် စုပေါင်း၍ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးယုန်ဖု ဆောင်ရွက်ရာသို့ ဧပြီ ၂၅ရက်က မြို့တာဝန်ခံဦးစီးအရာရှိ ဦးမိုးလွင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တနင်္သာရီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဧပြီ ၂၈ရက်က ကော့သောင်းမြို့ ဘုရင့်နောင်ကုန်းမြေ သာယာလှပရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့၌ မီးဖိုလောင်စာအသုံးချမှု သရုပ်ပြ

လားရှိုး ဧပြီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များမှ မီးဖိုလောင်စာအသုံးချမှု ရှင်းလင်းသရုပ်ပြပွဲကို ဧပြီ ၃ရက် မွန်းလွဲပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

သရုပ်ပြ

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က အမှိုက်၏ ဆိုးကျိုးများ၊စည်ပင်အဖွဲ့မှ ရှင်းလင်းဆောင်ရွက်နေမှုများနှင့် ယခု စနစ်တကျစမ်းသပ်ကာ အောင်မြင်မှုရရှိလာ၍ အမှိုက်များမှ နေ့စဉ် မီးဖိုချောင်သုံး လောင်စာရရှိမှုကို လက်တွေ့သရုပ်ပြရှင်းလင်း ပြောကြားသည်။

ဖြေရှင်းနိုင်

အဆိုပါ ရှင်းလင်းသရုပ်ပြပွဲသို့ မြို့နေပြည်သူ ၄၅၀ တက်ရောက်ခဲ့ကြပြီး ခြောက်သွေ့သော ပလတ်စတစ်၊ စက္ကူ အမျိုးမျိုးနှင့် လောင်ကျွမ်းနိုင်သောစွန့်ပစ်ပစ္စည်းများ အလေးချိန် တစ်ပိဿာကို လောင်စာအဖြစ်ထည့်သွင်းသုံးစွဲပါက မီးဖိုမှ လောင်စာအပူမီး နှစ်နာရီကြာ ရရှိနိုင်သည်ဖြစ်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အမှိုက်စွန့်ပစ်ရေးပြဿနာများ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းသိရသည်။

(၀၂၆)

အရာတော်၌ ဝါသီးနှံ စီမံကိန်းတာဝန်ပေးအပ်

အရာတော် ဧပြီ ၂၅

အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းဌာနမှ ၂၀၀၉- ၂၀၁၀ခုနှစ် ဝါသီးနှံ စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို မတ်၃၁ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းဌာနမှ မြို့နယ်မန်နေဂျာ ဦးဝင်းကိုက ၂၀၀၉-၂၀၁၀ခုနှစ် ဝါသီးနှံစီမံကိန်းတာဝန်ပေးအပ်ရခြင်းနှင့် ချည်မျှင်ရှည်ဝါ ဧက ၁၆၁၀၀နှင့် မလှိုင်ဝါ ဧက၇၅၀၀ စုစုပေါင်းဧက၂၃၆၀၀ အကောင်အထည်ဖော်စိုက်ပျိုးရန် ပြောကြားပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကောင်း၌ အကြပ်ကြီးယာဉ်မောင်းသင်တန်းနှင့် စစ်အခြေခံ မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

မိုးကောင်း ဧပြီ ၂၉

မိုးကောင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အကြပ်ကြီး ယာဉ်မောင်းသင်တန်းနှင့် စစ်အခြေခံ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ရက် မွန်းလွဲ ၁နာရီက အထက(၁) မဏ္ဍပ်သဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ အရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် မီးသတ်သင်တန်းသားများ တက်ရောက်ကြသည်။အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ပိုင်းမော်၌ အကြိုအခြေခံမီးသတ်သင်တန်းဆင်း

ပိုင်းမော် ဧပြီ ၂၄

ပိုင်းမော်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ ကြီးကြပ်မှုဖြင့် ဆိုင်လော်ကျေးရွာ အခြေခံပညာတွဲဖက်အထက်တန်းကျောင်း၌ အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၉)ဆင်းပွဲကို ဧပြီ၁၁ရက် နံနက်၁၀နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်ကို မြို့နယ်မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးအဖွဲ့ဝင် ဦးကြည်ထွန်းက ပေးအပ်ကာ ထူးချွန်သင်တန်းသားများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်ဖြင့် ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် (စစ်ဆေးရေး) တာဝန်ခံ(ယာဉ်ထိန်း)ဒုတိယရဲမှူးမြင့်အေး ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ဧပြီ၉ရက်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့် မော်တော်ယာဉ်ဥပဒေများ တိတိကျကျလိုက်နာစေရေးအတွက် မော်လမြိုင်မြို့နယ် နောင်ခရီ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေးဟောပြောစဉ်။ (၀၁၄)

အမြို့မြို့ အနယ်နယ် သတင်းများ

ဟုမ္မလင်း၌ ကော်မတီရုံး ဆိုင်းဘုတ်တင်

ဟုမ္မလင်း ဧပြီ ၂၀

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကကြီးမှူး၍ ကော်မတီရုံးဆိုင်းဘုတ်တင်အခမ်းအနားကို ဧပြီ၁၀ရက် နံနက်၈နာရီက အဆိုပါ မြို့နယ်အရန်မီးသတ်ရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးငွေဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကော်မတီအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိုင်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေးအတွင်း မီးဘေးဇာတ်တိုက် လေ့ကျင့်မှုကို မတ်၂၀ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် အမှုဆောင် အရာရှိ ဦး မြင့် ဟန် တို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မှုခင်း သတင်း

အမျိုးသမီးတစ်ဦး နေအိမ်၌အသတ်ခံရမှု သီပေါမြို့နယ်တွင် ဖြစ်ပွား

သီပေါ မေ ၁

၂၀၀၈ခုနှစ် နိုဝင်ဘာ ၅ရက်က သီပေါမြို့ တောင်မြို့ရပ်ကွက် နယ်မြေ(၉)နေ အမျိုးသမီးတစ်ဦးအား ၄င်းနေအိမ်အတွင်း၌ အသတ်ခံရမှုနှင့် ပတ်သက်၍ သီပေါမြို့နယ်ရဲတပ်ဖွဲ့မှ ပြည်သူလူထု အကူအညီဖြင့် တရားခံကို စစ်ဆေး ဖော်ထုတ်နိုင်ခဲ့သည်။

ဖော်ထုတ်နိုင်

ဖြစ်ပွားပုံမှာ သီပေါမြို့ တောင်မြို့ရပ်ကွက် နယ်မြေ(၉)နေ မစန်းစန်းထွေး(၄၂)နှစ်အား ငွေနှင့်ပစ္စည်းများ ခိုးယူရန်အကြံဖြင့် နေအိမ်အတွင်းသို့ ဝင်ရောက်ခဲ့သည့် အိမ်နီးနားချင်းနေ ညီညီလွင်(ခ) ညီညီက ဓားဖြင့် အချက်ပေါင်းများစွာ ထိုးသဖြင့် သေဆုံးခဲ့ရသည်။ ယင်းလူသတ်မှုကို မှုခင်းတပ်ဖွဲ့က သီပေါမြို့နယ် ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ မတ်၁၀ရက်က တရားခံ အစစ်အမှန် ဖော်ထုတ်နိုင်ခဲ့သည်။

၄င်းလူသတ်မှုနှင့် ပတ်သက်၍ ညီညီလွင်(ခ)ညီညီနယ်မြေ(၉) တောင်မြို့ရပ်ကွက် သီပေါမြို့နေသူအပေါ် သီပေါမြို့နယ်ရဲစခန်းမှ (ပ)၂၉၂၊ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၀၂ဖြင့်အရေးယူခဲ့ပြီး အမှုစစ်အဖွဲ့မှ ကျောက်မဲခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ထားကြောင်း သိရသည်။

(စာပေနှင့်စာနယ်ဇင်း)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့် လက်၊အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သော နေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ရေကို ကျိုချက်၍သောက်ပါ။
- ယင်နားစာများ မစားပါနှင့်။
- ယင်လုံအိမ်သာ အသုံးပြုပါ။
- အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပေါင်းလောင်းရေလှောင်တမံမှ ရေအားလျှပ်စစ် ထုတ်လုပ်ပြီး စီးဆင်းလာသော ရေကို အလဟဿမဖြစ်စေဘဲ လယ်မြေဧက ၃၅၀၀၀အတွက် ဆည်ရေသောက် ပို့လွှတ်ပေးမည့် နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး ၂၀၀၉ခုနှစ် မတ်၂၈ရက်က တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ပေါင်းလောင်းရေလွှဲဆည်၌ ရေသိုလှောင် ထိန်းသိမ်းထားမှုမြင်ကွင်း····။

သတင်း-ရှေ့ဖုံး (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တည်ဆောက်ရေးလုပ်ငန်းနှင့် ကြိုတင်ကာကွယ်ရေး အစီအမံများ

လပွတ္တာမြို့နယ်မြင်ကွင်းကို ဆန်းသစ်စေခဲ့ပြီ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ▼ ဓာတ်ပုံမှတ်တမ်း-ကျော်မြင့်သန်း (လမ်းမတော်) ▼ စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်

ရန်ကုန် မေ ၄

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ကို စတင်ဝင်ရောက်သည်နှင့် စိမ်းလန်းစိုပြည်လှသော မြင်ကွင်းက ကြိုဆိုလျက်ရှိသည်။ မြို့အဝင်တွင် မြို့သစ် စီမံကိန်းလုပ်ငန်းခွင်ကို လှမ်းမြင်ရသည်။ ယန္တရားကြီးများဖြင့် တည်ဆောက်နေမှုကြောင့် မကြာမီ မြို့သစ်တည်ဆောက်မှု ရုပ်လုံးပေါ်လာမည့် အနေအထားရှိနေပြီဖြစ်ရာ တည်ဆောက်မှုမြင်ကွင်းများကို စတင်တွေ့ရှိနေရပေပြီ။

ခရီးဆက်လက်ထွက်ခွာ

လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ စီစဉ်ပေးမှုကြောင့် ခရီးရောက်မဆိုက်ပင် ပြီးခဲ့သည့်နှစ်က နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ကျေးရွာများသို့ ဆိုင်ကယ်များဖြင့် ခရီးဆက်လက်ထွက်ခွာခဲ့ကြသည်။ အချိန်က မွန်းလွဲ ၂နာရီ····။

စာမျက်နှာ ၅ ကော်လံ ၁ ●

လပွတ္တာမြို့နယ် ဇင်ရွဲကြီးရွာနှင့်ကပ်လျက် ဖောက်လုပ်ထားသော ခုနစ်ပေမြင့်သည့် ရေငန်တားတာကို သဘာဝဘေး ကြုံတွေ့ရပါက အလွယ်တကူ ရှောင်တိမ်းနိုင်ရန် ဤသို့ တည်ဆောက်ပေးထားသည်။ (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

5-5 (20).pmd 1 5/5/2009, 2:17 AM